# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၄ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၂၁၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## ယခုပြပွဲတွင် ပုလဲအတွဲပေါင်း ၄၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၅၅၀ တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်

**နေပြည်တော် မေ ၃**

၂၀၂၄ ခုနှစ်၊ (၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒေါ်ဒွဲဘူ၊ မန်းငြိမ်းမောင်နှင့် ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ ပြည်တွင်း၊ ပြည်ပမှ ကျောက်မျက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ◆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ (၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

## ယနေ့ ဖတ်စရာ


**ပြည်ပအလုပ်အကိုင်နှင့် ခက်ခဲကြမ်းတမ်းသည့် နေ့ရက်များ** — ဆောင်းပါး | စာ ၆

**၂၀၂၄ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ** — ပြည်တွင်းသတင်း | စာ ၉

**ဂါဇာဒေသရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများကြောင့် အစ္စရေးနှင့် ကုန်သွယ်မှုကို တူကီယဲ ဆိုင်းငံ့** — နိုင်ငံတကာသတင်း | စာ ၁၃



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မြန်မာ့ပုလဲများ ထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများ ထုတ်လုပ်မှုနှင့် ၂၀၂၄ ခုနှစ်၊ (၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းအား ကြည့်ရှုကြစဉ်။

◆ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ့ပုလဲများ ထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများ ထုတ်လုပ်မှုနှင့် ၂၀၂၄ ခုနှစ်၊ (၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းအား ကြည့်ရှုကြသည်။

**လိုအပ်သည်များမှာကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ်၊ (၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**လိုက်လံကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပုဂ္ဂလိက ကျောက်မျက်ရတနာအရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကို ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ပြီး

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုဂ္ဂလိက ကျောက်မျက်ရတနာအရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးစဉ်။

**❍ ပုလဲအတွဲ၊ ကျောက်မျက်အတွဲ၊ (A) နှင့် (B) အုပ်စုမှ ကျောက်စိမ်းအတွဲများ ရောင်းချရာတွင် အခြေခံဈေးကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားရှိပြီး (C) အုပ်စုမှ ကျောက်စိမ်းအတွဲများအတွက် အခြေခံဈေးကို မြန်မာကျပ်ငွေဖြင့် သတ်မှတ်ထား၍ ပုလဲအတွဲ၊ ကျောက်မျက်အတွဲ၊ (A) နှင့် (B) အုပ်စုမှ ကျောက်စိမ်းအတွဲများအတွက် အာမခံစပေါ်ငွေကို ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့် ညီမျှသည့် ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့် ပေးသွင်းနိုင်ပြီး ပြည်တွင်းရတနာကုန်သည်များက မြန်မာကျပ်ငွေဖြင့် ပေးသွင်းနိုင်**

*စာမျက်နှာ ၃ မှ*

ယခုပြပွဲတွင် ပုလဲအတွဲပေါင်း ၄၀၀ ၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၅၅၀ တို့ကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့် တင်ဒါစနစ်ဖြင့် စည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များနှင့် အညီ ရောင်းချပေးသွားမည်ဖြစ်သည်။ ပုလဲအတွဲ၊ ကျောက်မျက်အတွဲ၊ (A) နှင့် (B) အုပ်စုမှ ကျောက်စိမ်းအတွဲများ ရောင်းချရာတွင် အခြေခံဈေးကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားရှိပြီး(C)အုပ်စုမှ ကျောက်စိမ်းအတွဲများအတွက် အခြေခံဈေးကို မြန်မာကျပ်ငွေဖြင့် သတ်မှတ်ထား၍ ပုလဲအတွဲ၊ ကျောက်မျက်အတွဲ၊ (A) နှင့် (B) အုပ်စုမှ ကျောက်စိမ်းအတွဲများ အတွက် အာမခံစပေါ်ငွေကို ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့် ညီမျှသည့် ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့် ပေးသွင်းနိုင်ပြီး ပြည်တွင်းရတနာကုန်သည်များက မြန်မာကျပ်ငွေဖြင့် ပေးသွင်းနိုင်ကာ ပြည်တွင်း ရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိသည့် (C)အုပ်စုမှကျောက်စိမ်း အတွဲများအတွက် အာမခံစပေါ်ငွေကို မြန်မာကျပ်ငွေဖြင့် ပေးသွင်းနိုင်မည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအနေဖြင့် ဝယ်ယူခွင့်ရရှိသည့် (A) အုပ်စုမှ ကျောက်စိမ်းအတွဲများအတွက် တန်ဖိုးငွေကို အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့်ညီမျှသော ယူရိုငွေ၊ ထိုင်းဘတ်ငွေ၊ ယွမ်ငွေများဖြင့် ပေးချေရမည်ဖြစ်ပြီး ပုလဲအတွဲ၊ ကျောက်မျက်အတွဲ၊ (B) အုပ်စုမှ ကျောက်စိမ်းအတွဲများကို ဝယ်ယူခွင့်ရရှိသော ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့်ညီမျှသော ယူရိုငွေ၊ ထိုင်းဘတ်ငွေ၊ ယွမ်ငွေများဖြင့် လည်းကောင်း၊ ပြည်တွင်း ရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့်လည်းကောင်း တန်ဖိုးငွေကို ပေးချေရမည်ဖြစ်သည်။ (C) အုပ်စုမှ ကျောက်စိမ်းအတွဲများကို ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရမည်ဖြစ်ပြီး တန်ဖိုးငွေကို မြန်မာကျပ်ငွေဖြင့် ပေးချေရမည်ဖြစ်သည်။ ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်ဖြစ်ပြီး ယခုကျင်းပပြုလုပ်သည့် (၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မေ ၃ ရက်မှ ၁၂ ရက်အထိ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအရိုင်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

# (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့စတင်ကျင်းပ

**နေပြည်တော် မေ ၃**

၂၀၁၉ ခုနှစ် (၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

ပြပွဲတွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များသည် နံနက်ပိုင်းမှစတင်၍ မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများ အလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် မေ ၄ ရက်တွင် ရောင်းချမည့် ပုလဲအတွဲများအတွက် ဈေးနှုန်း တင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၄၀၀ ၊ ကျောက်မျက်အတွဲပေါင်း ၁၆၀၊ (A) အုပ်စုမှ ကျောက်စိမ်းအတွဲ ၁၀၀၀၊ (B) အုပ်စုမှ ကျောက်စိမ်းအတွဲ ၁၇၅၀ နှင့် (C) အုပ်စုမှ ကျောက်စိမ်းအတွဲ ၁၈၀၀ စုစုပေါင်း ကျောက်စိမ်းအတွဲပေါင်း ၄၅၅၀ တို့ကို ပြည်တွင်း ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ပုလဲအတွဲများကို မေ ၃ ရက်တွင် စတင်ခင်းကျင်းပြသပြီး မေ ၄ ရက်နှင့် ၅ ရက်တို့တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ ကျောက်မျက်အတွဲများကို မေ ၃ ရက်မှ ၅ ရက်အထိ ခင်းကျင်းပြသပြီး မေ ၆ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ (A) နှင့် (B)အုပ်စုမှ ကျောက်စိမ်းအတွဲများကို မေ ၃ ရက်မှ ၆ ရက်အထိ ခင်းကျင်းပြသပြီး မေ ၇ ရက်မှ ၉ ရက်အထိလည်းကောင်း၊ (C) အုပ်စုမှ ကျောက်စိမ်းအတွဲများကို မေ ၃ ရက်မှ ၁၀ ရက်အထိ ခင်းကျင်းပြသပြီး မေ ၁၁ ရက်မှ ၁၂ ရက်အထိလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။



ယခုပြပွဲတွင် ပုလဲအတွဲ၊ ကျောက်မျက်အတွဲ၊ (A)နှင့် (B) အုပ်စုမှ ကျောက်စိမ်းအတွဲများ အတွက် အခြေခံဈေးကို အမေရိကန်ဒေါ်လာဖြင့် လည်းကောင်း၊ (C) အုပ်စုမှ ကျောက်စိမ်းအတွဲများ အတွက် အခြေခံဈေးကို မြန်မာကျပ်ငွေဖြင့် လည်းကောင်း သတ်မှတ်ထားပြီး ပုလဲအတွဲ၊ ကျောက်မျက်အတွဲ၊ (A)နှင့် (B) အုပ်စုမှ ကျောက်စိမ်းအတွဲများ အတွက် အာမခံစပေါ်ငွေကို ပြည်ပရတနာကုန်သည်များ အနေဖြင့် အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့် ညီမျှသည့် ယူရို၊ ယွမ်နှင့် ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်း ရတနာကုန်သည်များအနေဖြင့် မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်တွင်း ရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိသည့် (C) အုပ်စုမှ ကျောက်စိမ်း အတွဲများအတွက် မြန်မာကျပ်ငွေဖြင့်လည်းကောင်း ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြပွဲတွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအနေဖြင့် ဝယ်ယူခွင့်ရရှိသည့် (A)အုပ်စုမှ ကျောက်စိမ်းအတွဲများအတွက် တန်ဖိုးငွေကို အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့် ညီမျှသည့် ယူရို၊ ယွမ်နှင့် ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ ပုလဲအတွဲ၊ ကျောက်မျက်အတွဲ၊ (B) အုပ်စု ကျောက်စိမ်းအတွဲများကို ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များ အနေဖြင့် အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့် ညီမျှသည့် ယူရို၊ ယွမ်နှင့် ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့်ညီမျှသည့် မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ (C) အုပ်စုမှ ကျောက်စိမ်းအတွဲများကို ပြည်တွင်း ရတနာကုန်သည်များသာ ဝယ်ယူခွင့်ရရှိမည်ဖြစ်ပြီး တန်ဖိုးငွေကို မြန်မာကျပ်ငွေဖြင့်လည်းကောင်း ပေးချေရမည်ဖြစ်ကြောင်း သိရသည်။

(၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားငွေ တိုးတက် ရရှိစေရေး၊ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ ငွေကြေးလည်ပတ်မှု ကောင်းမွန်စေရေး၊ ပြည်တွင်း၌ ပုလဲများ ရောင်းချခြင်းအားဖြင့် နိုင်ငံသားပုလဲကုန်သည်များ ငွေကြေးစီးဆင်းမှု ကောင်းမွန်စေရေး နှင့် နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရရှိစေရေး တို့အတွက် ကျင်းပပြုလုပ်ခြင်း ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများ အတွက် စီးပွားရေးအကျိုး ဖြစ်ထွန်းမှုများ ရရှိနိုင်စေရန် အတွက် တူးဖော်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကို ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ အောင်မြင်စွာကျင်းပခဲ့ရာ ယခုကျင်းပပြုလုပ်သည့် (၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မေ ၃ ရက်မှ ၁၂ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်မတော် (လေ) ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံလေတပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးဆွေးနွေးနိုင်ခဲ့

**နေပြည်တော် မေ ၃**

မြန်မာနှင့်ထိုင်း လေတပ်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော တပ်မတော်(လေ)ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul ၏ ဖိတ်ကြားချက်အရ ဧပြီ ၃၀ ရက် ညပိုင်းတွင် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံလေတပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးကြသည်။ **(အပေါ်ယာပုံ)**

မေ ၁ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်(လေ) အား ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုခဲ့ကြရာ ကာကွယ်ရေးဦးစီးချုပ်(လေ) က ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူခဲ့ပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးခြင်း**(အောက်ပုံ)**၊ ထိုင်းဘုရင့်လေတပ်မတော်အား စတင်တည်ထောင်သူ Field Marshal Prince Chakrabongse ၏ ရုပ်တုရှေ့တွင် ဂုဏ်ပြုပန်းခွေချခြင်း၊ ထိုင်းဘုရင့်လေတပ်ဌာနချုပ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခြင်း၊ ထိုင်းဘုရင့်လေတပ်ဌာနချုပ်ဧည့်ခန်းမတွင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့် တွေ့ဆုံဆွေးနွေးခြင်းများဆောင်ရွက်ပြီး နှစ်နိုင်ငံလေတပ် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်လဲလှယ်ပေးအပ်ခဲ့ကြသည်။



ဆက်လက်၍ ထိုင်းဘုရင့်လေတပ်ဌာနချုပ် onference Room ၌ တပ်မတော် (လေ) နှင့် ထိုင်းဘုရင့်လေတပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

**အပြန်အလှန်ဆွေးနွေး**

ယင်းနောက် Air War College သို့သွားရောက်ပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခြင်း၊ Air War College ကျောင်းအုပ်ကြီးနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် Air War College တာဝန်ရှိသူတစ်ဦးမှ Air War College ၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ ရည်မှန်းချက်တာဝန်၊ သင်ရိုးညွှန်းတမ်း၊ သင်ကြားမှုနည်းစနစ်များ၊ အပြန်အလှန်ဆွေးနွေးမှုများ၊ Academic ဆွေးနွေးပွဲများ၊ ပြည်တွင်းပြည်ပလေ့လာရေးခရီးစဉ်များ၊ သင်တန်းသားအရည်အချင်း သတ်မှတ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြသမှုများအပေါ် ကြည့်ရှုလေ့လာ၍ အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး သင်တန်းသားအရာရှိကြီးများ၏ National Security လက်တွေ့လေ့ကျင့်ခန်း Practice Negotiating ပြုလုပ်နေမှုများကို ကြည့်ရှုလေ့လာခဲ့သည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် ရေအောက်ကမ္ဘာ -Sea Life Paragon Department Store သို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

မေ ၂ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော တပ်မတော်(လေ)ကိုယ်စားလှယ်အဖွဲ့သည် ဘန်ကောက်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဗုဒ္ဓရွှေဆင်းတုတော် Wat Traimit Wittayaram Worawihan ဘုရား၊ ရှေးဟောင်းသမိုင်းဝင် အာရုဏ် Wat Arun ဘုရားနှင့် ရှေးဟောင်းသမိုင်းဝင် လျောင်းတော်မူ ဝပ်ဖို Wat Pho ဘုရားများသို့ သွားရောက်ဖူးမြော်၍ တော်ဝင်ရေတပ်သင်္ဘောပြတိုက် Royal Barge Museum ကို လေ့လာကြည့်ရှုခဲ့ကြသည်။

**ပြန်လည်ရောက်ရှိ**

မေ ၃ ရက် နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ် (လေ) ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ကြိုဆို နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ငါန်းဇွန်မြို့နယ်၌ ဆီထွက်သီးနှံအထူးဇုန်များ စိုက်ပျိုးထုတ်လုပ်ရန် တောင်သူများနှင့် ညှိနှိုင်းဆွေးနွေး

**ငါန်းဇွန် မေ ၃**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်အတွင်း၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံအထူးဇုန်များ စိုက်ပျိုးထုတ်လုပ်ရန် တောင်သူများနှင့် ညှိနှိုင်းဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၁ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ဆီထွက်သီးနှံအထူးဇုန် လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်ဆန်းလင်းက ဆီထွက်သီးနှံအထူးဇုန်စီမံကိန်း ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးသွားနိုင်ရေးနှင့် မြေပဲ၊ နှမ်း၊ နေကြာ မျှော်မှန်းအထွက် တိုးတက်ရရှိစေနိုင်ရေး နည်းလမ်းများကိုလည်းကောင်း၊ မြေအသုံးချ၊ မျိုးစေ့၊ ပိုးမွှား တာဝန်ခံများက သီးနှံအလိုက် တောင်သူများ လိုက်နာဆောင်ရွက်သင့်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး မိတ်ဖက်ဌာနများကလည်း ပေါင်းစပ်ဆောင်ရွက်သွားမည့် လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

## (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့နယ် ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူ

**ပြင်ဦးလွင် မေ ၃**

(၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်မီးသတ်ဦးစီးမှူး ရုံး/ စခန်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ရုံး/ စခန်းတို့မှ သန္နေတပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် လေးဦး၊ မိသားစုဝင် နှစ်ဦး စုစုပေါင်း ၂၁ ဦးတို့ကို ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ဦးဆောင်၍ ယနေ့ နံနက် ၁၀ နာရီက ပြင်ဦးလွင်မြို့နယ် ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသည့် မီးသတ်တပ်ဖွဲ့များနှင့်မိသားစုဝင်များကို အာဟာရဖြည့်စွက်စာများနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မွေး**



ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက သွေးလှူဒါန်းသည့် မီးသတ်တပ်ဖွဲ့များနှင့်မိသားစုဝင်များကို အာဟာရဖြည့်စွက်စာများနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်စဉ်။

# ပြည်ပအလုပ်အကိုင်နှင့် ခက်ခဲကြမ်းတမ်းသည့် နေ့ရက်များ

သျှင်မေ

❑ **မြန်မာသံရုံးအနေဖြင့် သံအမတ်ကြီး ဦးဆောင်သည့် အထူးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းကာ အဆိုပါ အမျိုးသမီးများနှင့် လူမှုကွန်ရက်တို့မှတစ်ဆင့် ပုံမှန်ထိတွေ့ဆက်သွယ်မှုများ ပြုလုပ်သလို လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် နှစ်ပတ်တစ်ကြိမ် ထိတွေ့ဆက်ဆံကာ ဖြစ်ပေါ်တိုးတက်မှုများကို အချိန်နှင့်တစ်ပြေးညီ သတင်းရယူလျက်ရှိကြောင်း သိရသည်။ မြန်မာအိမ်အကူအလုပ်သမားများနှင့် အိမ်ရှင်တို့အကြား ဘာသာစကားအခက်အခဲများကြောင့် ဆက်သွယ်ပြောဆိုနိုင်မှုအားနည်းခြင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ ကွဲပြားလျက်ရှိခြင်း၊ အလုပ်လုပ်ကိုင်သည့်အခါ ပင်ပန်းမှုဒဏ်ကို ခံနိုင်ရည်မရှိခြင်း၊ မိသားစုနှင့် ဝေးကွာနေရသဖြင့် စိတ်အားငယ်မှုခံစားရခြင်း စသည့်ပြဿနာများ ခံစားနေကြရသည်**

တတိယနိုင်ငံများဟု ခေါ်ဝေါ်ရမည့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ လူငယ်အများစုသည် ရေကြည်ရာမြက်နုရာ မိမိတို့ အဆင်ပြေမည်ထင်သည့် နိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်လေ့ရှိကြသည်။

## ပြည်ပအလုပ်အကိုင်အတွက် တရားဝင်လမ်းကြောင်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိ

လုပ်ငန်းအတတ်ပညာ ကျွမ်းကျင်မှု၊ ဘာသာစကား၊ ဓလေ့ထုံးစံတို့ ပြည့်ဝသူများအဖို့ မထောင်းတာသော်လည်း လုပ်ငန်းအတတ်ပညာ အားနည်း၊ ဘာသာစကား ကျွမ်းကျင်မှုမရှိ၊ စားသောက်နေထိုင်မှုနှင့် ဓလေ့စရိုက်တို့ လေ့လာထားခြင်းမရှိသူများအဖို့ အခက်အခဲ များစွာနှင့် ရင်ဆိုင်ကြရသည်ကိုလည်း မြင်တွေ့ကြားသိရလျက်ရှိပါသည်။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အခြားနိုင်ငံများနှင့် တရားဝင် သဘောတူညီမှုထားရှိပြီး အလုပ်သမားစေလွှတ်ခြင်းများ ဆောင်ရွက်ပေးနေသကဲ့သို့ တရားဝင်အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများ တည်ထောင်ခွင့်ပေးကာ ပြည်ပအလုပ်အကိုင် အခွင့်အလမ်းအတွက် တရားဝင်လမ်းကြောင်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အတူ အကြောင်းကြောင်းကြောင့် ပြည်ပသို့ ရောက်ရှိနေပြီး အခက်အခဲကြုံနေရသည့် မြန်မာနိုင်ငံသားများအတွက် မည်သို့သော အခြေအနေပင် ဖြစ်စေကာမူ မိမိနိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထား၍ ကယ်တင်ခြင်း၊ ပြန်လည်ခေါ်ဆောင်ပေးခြင်းတို့ကို နိုင်ငံအသီးသီးရှိ မြန်မာသံရုံးများက ကြိုးစားချိတ်ဆက်ကာ မိမိတို့နိုင်ငံသားများ ဘေးကင်းလုံခြုံရေးအတွက် တတ်စွမ်းသမျှဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံ့တာဝန် စတင်တာဝန်ယူစဉ်ကတည်းကပင် မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသား တစ်ထောင်ကျော်ကို တပ်မတော်ရေယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်ပေးခဲ့ပြီး မကြာသေးမီက အစ္စရေးနှင့် ဟားမားစ်တို့ ပဋိပက္ခအတွင်း ပိတ်မိနေခဲ့ကြသည့် မြန်မာနိုင်ငံသားများကို အချိန်မီကယ်တင်ခေါ်ထုတ်ပေးနိုင်ခဲ့သည့်နည်းတူ မကြာသေးမီ ဖေဖော်ဝါရီလက အီရတ်နိုင်ငံ၌ အကျပ်အတည်းများအတွင်း ပိတ်မိနေကြသော မြန်မာ အမျိုးသမီးသုံးဦးကို ဘဂ္ဂဒက်-ဘန်ကောက်-ရန်ကုန် ခရီးစဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ပေးခဲ့ကြောင်း သတင်းများအရ သိရသည်။

ပြီးခဲ့သည့် ဧပြီလက ပြည်ပအခြေစိုက်သတင်းဌာနတစ်ခုတွင် **“အီရတ်တွင် ရောင်းစားခံရသည့် မြန်မာအမျိုးသမီး ခြောက်ဦး အကူအညီမရသေး”** ဟူသည့် သတင်းတစ်ပုဒ် ပါရှိလာခဲ့ပြီး အဆိုပါ သတင်းအချက်အလက်များမှာ မြေပြင်အခြေအနေနှင့် ကွဲပြားမှုများပါရှိပြီး နိုင်ငံတော်နှင့် မြန်မာသံရုံးများအပေါ် ပြည်သူလူထု အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်စေရန် လိုသလိုဖန်တီးတည်ဆောက်ထားသည့် သတင်းတစ်ပုဒ်သာ ဖြစ်သည်ကို မြင်တွေ့ရသည်။

အီရတ်တွင် အလုပ်လုပ်ကိုင်နေထိုင်နေပြီး အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ရွှေ့ပြောင်းအမျိုးသမီး အလုပ်သမား ခြောက်ဦးဖြစ်စဉ်ကို စာရေးသူတို့ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလက စတင်သိရှိရသည်။ ထိုအမျိုးသမီးများက သူတို့၏ အခက်အခဲများကို လူမှုကွန်ရက်မှတစ်ဆင့် တိုက်ရိုက်ပြောကြားခဲ့ကြသဖြင့် လူအများ ကရုဏာသက်ခဲ့ရသည်။ ထိုအချိန်မှစ၍ နိုင်ငံခြားရေးဝန်ကြီးဌာနက အီရတ်နိုင်ငံရောက် မနော်လေးလေးဖော၊ မစုမွန်၊ မအေးအေးသန်း၊ မအိသူ၊ မနွဲ့ယဉ်ဝင်းနှင့် မရီရီချိုတို့အား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ရေးအတွက် အီရတ်နိုင်ငံ သက်ဆိုင်ရာအာဏာပိုင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့သည့်အပြင် ရွှေ့ပြောင်းအလုပ်သမားများအရေး ကူညီပေးလျက်ရှိသည့် Seed Organization လူမှု အဖွဲ့အစည်းနှင့်လည်း ချိတ်ဆက်၍ ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာသံရုံး ကိုင်ရိုမြို့မှ ပေးပို့သည့် သတင်းအချက်အလက်များအရ မအေးအေးသန်း၊ မအိသူနှင့် မစုမွန်တို့ကို Sulaymaniyah ရဲစခန်းတွင် သက်ဆိုင်ရာ အာဏာပိုင်များနှင့် Seed Organization တို့က လူတွေ့စိစစ်မေးမြန်းခဲ့ပြီး မနော်လေးလေးဖောနှင့် မရီရီချိုတို့ကို အွန်လိုင်းဖြင့် ချိတ်ဆက်မေးမြန်းနိုင်ခဲ့သည်။ မနွဲ့ယဉ်ဝင်းမှာမူ အသေးစိတ် တွေ့ဆုံမေးမြန်းနိုင်ရန် အခက်အခဲရှိနေသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေး ကြန့်ကြာမှု မရှိစေရန်အတွက် သက်ဆိုင်ရာအာဏာပိုင်များက အီရတ်လူကုန်ကူးမှု တားဆီးရေးအဖွဲ့သို့ စစ်ဆေးတွေ့ရှိချက်များကို အစီရင်ခံစာပေးပို့ထားကြောင်း သိရှိရသည်။

## မြန်မာသံရုံးအနေဖြင့် အထူးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းကာ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ထိတွေ့ဆက်ဆံကာသတင်းရယူလျက်ရှိ

**မြန်မာသံရုံးအနေဖြင့် သံအမတ်ကြီး ဦးဆောင်သည့် အထူးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းကာ အဆိုပါ အမျိုးသမီးများနှင့် လူမှုကွန်ရက်တို့မှ တစ်ဆင့် ပုံမှန်ထိတွေ့ဆက်သွယ်မှုများ ပြုလုပ်သလို လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် နှစ်ပတ်တစ်ကြိမ် ထိတွေ့ဆက်ဆံကာ ဖြစ်ပေါ်တိုးတက်မှုများကို အချိန်နှင့်တစ်ပြေးညီ သတင်းရယူလျက်ရှိကြောင်း သိရသည်။ မြန်မာအိမ်အကူအလုပ်သမားများနှင့် အိမ်ရှင်တို့အကြား ဘာသာစကား အခက်အခဲများကြောင့် ဆက်သွယ်ပြောဆိုနိုင်မှု အားနည်းခြင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ ကွဲပြားလျက်ရှိခြင်း၊ အလုပ်လုပ်ကိုင်သည့်အခါ ပင်ပန်းမှုဒဏ်ကို ခံနိုင်ရည်မရှိခြင်း၊ မိသားစုနှင့် ဝေးကွာနေရသဖြင့် စိတ်အားငယ်မှုခံစားရခြင်း စသည့်ပြဿနာများ ခံစားနေကြရသည်။**

အမျိုးသမီးခြောက်ဦးနှင့် ဧပြီလ ၂၄ ရက်နေ့ တစ်ဦးချင်းဆက်သွယ်ပြောကြားမှုများအရ မနော်လေးလေးဖောမှာ လစာ နှစ်လစာခန့် ရရှိထားပြီး တစ်လလျှင် အမေရိကန် ဒေါ်လာ ၃၀၀ ခန့်ရရှိကြောင်း၊ နှိပ်စက်ခံရခြင်းမျိုးမရှိဘဲ အစားအသောက်များ ပုံမှန်စားသောက်ခွင့် ရရှိကြောင်း ပြန်လည်ဖြေကြားထားခဲ့သည်။ မရီရီချိုကလည်း အမေရိကန် ဒေါ်လာ ၃၀၀ နှုန်းဖြင့် လုပ်ခလစာ သုံးလစာခန့် ရရှိထားပြီး နှိပ်စက်ခံထားရခြင်းမရှိကြောင်း၊ အစားအသောက်များ ပုံမှန်စားရသော်လည်း လက်များပေါက်ပြဲသည်အထိ အလုပ်လုပ်ကိုင်နေရကြောင်း၊ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မအိသူသည်လည်း အမေရိကန်ဒေါ်လာ ၃၀၀ နှုန်းဖြင့် လုပ်ခလေးလစာရရှိထားပြီး ဘာသာစကား အခက်အခဲရှိသဖြင့် လုပ်ငန်းခွင်ဆက်သွယ်ပြောဆိုရန် အခက်အခဲကြုံနေရကြောင်း၊ အစားအသောက် ပုံမှန်စားသောက်ခွင့်ရရှိကြောင်း သိရှိရသည်။ မစုမွန်မှာမူ အလုပ်အကိုင် အေးဂျင့်ရုံးတွင် အခြားနိုင်ငံခြားသား ရှစ်ဦးနှင့်အတူ နေထိုင်နေရကြောင်း၊ လစာ အတိအကျမသိရဘဲ နေအိမ်များတွင် နေ့စားသဘောသာ အလုပ်လုပ်ရကြောင်း၊ လုပ်အားခ၏ သုံးပုံ တစ်ပုံသာရရှိကြောင်း သိရှိရသည်။

မအေးအေးသန်းမှာလည်း လစာပုံမှန်ရရှိပြီး အစားအသောက် ပုံမှန်စားသောက်ရပြီး အိမ်ရှင်မှ နှိပ်ခိုင်းခြင်းမျိုးရှိကြောင်း၊ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းမရှိကြောင်း၊ နှိပ်စက်ခံရမှုမရှိကြောင်း သိရှိရသည်။ မနွဲ့ယဉ်ဝင်းမှာ ဗိုက်ခွဲထားစဉ်က ချုပ်ရိုးအနာရှိကြောင်း၊ ဘာသာစကား အခက်အခဲကြောင့် အိမ်ရှင်အား ပြောမပြနိုင်ခဲ့ကြောင်း၊ သူက အိမ်ရှင်၏ ကလေးအား ရိုက်ခဲ့သဖြင့် စီစီတီဗွီမှတ်တမ်းအရ အေးဂျင့်ထံ ပြန်လည်ပို့ဆောင်ခြင်းခံရပြီး ပထမအိမ်ရှင်ထံမှ ရက် ၂၀ စာ လုပ်အားခလည်း မရရှိကြောင်း၊ လက်ရှိတွင် အိမ်ရှင်အသစ်ထံ အလုပ်လုပ်ကိုင်နေပြီး အစားအသောက်များ ပုံမှန်စားသောက်ရကြောင်း၊ နှိပ်စက်ခံရခြင်း မရှိကြောင်း မြန်မာသံရုံး ကိုင်ရိုမြို့မှတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သတင်းပေးပို့ထားသည်။

အမျိုးသမီးများအနက် အေးဂျင့်ရုံးတွင် နေထိုင်နေရသည့် မစုမွန်မှာ မြန်မာနိုင်ငံသို့ မပြန်လိုဘဲ မိသားစုအား ပြန်လည်ထောက်ပံ့လိုသည့်အတွက် ဆက်လက်အလုပ်လုပ်ကိုင်လိုပြီး ကျန်ငါးဦးမှာ ဖြစ်နိုင်ပါက မြန်မာနိုင်ငံသို့ ပြန်လာလိုကြောင်း မြန်မာသံရုံးနှင့် Seed Organization တို့၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားထားသည်။

## မြန်မာသံရုံးနှင့် NGO တို့ ပူးတွဲလုပ်ဆောင်လျက်ရှိ

အဆိုပါ မြန်မာနိုင်ငံသား ခြောက်ဦးမှာ သက်ဆိုင်ရာအလုပ်သမား အေဂျင်စီများနှင့် နှစ်နှစ်လုပ်ကိုင်ရန် သဘောတူစာချုပ်ချုပ်ဆိုထားသည့်အတွက် စာချုပ်မပြည့်မီ နုတ်ထွက်လိုပါက လျော်ကြေးပေးဆောင်ရန် လိုအပ်ကြောင်း သိရှိရသည်။ မြန်မာသံရုံးသည် Seed Organization အား မေတ္တာရပ်ခံကာ လျော်ကြေးပေးဆောင်ရန် ကင်းလွတ်ခွင့်ပြုပြီး နေရပ်ပြန်ရန် ညှိနှိုင်းလျက်ရှိသော်လည်း အလုပ်ရှင်နှင့် သဘောတူညီချက် မရရှိသေးဘဲ အလုပ်ကောင်းမွန်စွာ ရရှိရေး၊ လုပ်ခလစာရရှိရေး၊ အကြမ်းဖက်မှုများ မရှိစေရေးအတွက် အပြင် အချက်အလက်များကို ဗဟိုအစိုးရ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များသို့ ပေးပို့ထားပြီး မကြာသေးမီကပင် အီရတ်နိုင်ငံ အလုပ်သမားဝန်ကြီးဌာနသို့လည်း စာပေးပို့ မေတ္တာရပ်ခံခြင်းများကိုလည်း သံရုံးနှင့် NGO တို့က ပူးတွဲလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

မြန်မာသံရုံးအနေဖြင့် မြန်မာနိုင်ငံသားများနှင့် စပ်လျဉ်း၍ အီရတ်အာဏာပိုင်များနှင့် ချိတ်ဆက်ရန် အခက်အခဲများစွာရှိနေပြီး သံတမန်နည်းလမ်းအပြင် သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းများ၊ ဒေသန္တရ လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ ထို့အပြင် မြန်မာအမျိုးသမီး ခြောက်ဦး ရောက်ရှိသည့်နေရာမှာ မြို့တော်ဘဂ္ဂဒက်နယ်မြေတွင် မဟုတ်ဘဲ နိုင်ငံမြောက်ပိုင်းတွင်ရှိပြီး ဆက်သွယ်ရန် ခက်ခဲရုံသာမက ဒေသအလိုက် အုပ်ချုပ်ရေးစနစ် ကွဲပြားမှု၊ လုပ်ထုံးလုပ်နည်းများ မတူညီမှုများကလည်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခက်အခဲရှိနေသည်ကိုလည်း သိရှိရပါသည်။

“ကျွန်မက ဒူဘိုင်းမှာ အလုပ်လုပ်တာပါ။ ဒူဘိုင်းကနေ အီရတ်မှာ ပြောင်းပြီး အလုပ်လုပ်ပါတယ်။ အီရတ်နိုင်ငံမှာ အခက်အခဲတွေကြုံရပြီး မြန်မာနိုင်ငံလို စိတ်ထားမျိုး မရှိတဲ့အတွက် ပိုပြီးခံစားရပါတယ်။ အခုလို နိုင်ငံတော်စရိတ်နဲ့ ပြန်လည်ခေါ်ဆောင်ပေးလို့သာ ကျွန်မတို့ ပြန်ရောက်ခဲ့တာပါ”ဟု ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက နိုင်ငံတော်စရိတ်ဖြင့် အီရတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မသန်းနွယ်ဌေးက ပြောကြားခဲ့သည်။

*စာမျက်နှာ ၇ သို့*

❖ **အိမ်အကူလုပ်ငန်းဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသူများစွာရှိနေပြီး ယင်းတို့အနက် အသက်လိမ်လည်မှုပြဿနာ၊ လုပ်ငန်းမကျွမ်းကျင်မှုပြဿနာ၊ အိမ်ရှင်နှင့် ဆက်သွယ်ပြောဆိုနိုင်ရန် ဘာသာစကားအားနည်းမှုပြဿနာ၊ အလုပ်သမားအခွင့်အရေးများနှင့် စည်းမျဉ်းစည်းကမ်းများ မသိရှိသည့် ပြဿနာများကြောင့် အေးဂျင့်များထံတွင် သောင်တင်နေရခြင်း၊ အလုပ်အိမ်မတည်မြဲခြင်း၊ လုပ်ခလစာပြည့်မရရှိခြင်း စသည့် အခက်အခဲများစွာကို ရင်ဆိုင်နေရပြီး နေရပ်ပြန်ခွင့်မရရှိသူ များစွာရှိနေသည်ကိုလည်း ကြားသိရသည်မှာ ရင်နာဖွယ်ကောင်းလှသည်**

# မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်စေရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အတွေ့အကြုံမျှဝေခြင်းဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ အသိပညာမျှဝေဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၃

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) အမှတ်စဉ် (၅၄) အဖြစ် တရုတ်နိုင်ငံ ပေကျင်းမြို့ Academy for International Business Officials (AIBO) တွင် ကျင်းပပြုလုပ်ခဲ့သည့် "မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်စေရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အတွေ့အကြုံမျှဝေခြင်း ဆိုင်ရာဆွေးနွေးပွဲ" ကို ယနေ့မွန်းလွဲပိုင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အမှာစကားပြောကြားသည်။**





ဦးစွာ ပြည်ထောင်စုဝန်ကြီးက အသိပညာ မျှဝေဆွေးနွေးပွဲများ ဆောင်ရွက်ရာတွင် မိမိတို့သင်ကြား လေ့လာ မှတ်သားခဲ့ရသည့်၊ ကိုယ်တိုင် ဆောင်ရွက်ခဲ့ရသည့် အသိပညာ၊ ဗဟုသုတများကို ပြန်လည်မျှဝေပေးခြင်း ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးမည့် အကြောင်းအရာသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်စေရေး အတွက် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတွေ့အကြုံများ မျှဝေခြင်းဖြစ်ကြောင်း၊ ယနေ့ အချိန်တွင် တရုတ်နိုင်ငံသည် ကမ္ဘာပေါ်၌ ICT နည်းပညာနှင့် ဉာဏ်ရည်တု (Artificial Intelligence AI) နည်းပညာတို့တွင် ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) သည်လည်း ကမ္ဘာ့ ဒုတိယအများဆုံး နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများကိုပါ ရင်းနှီးမြှုပ်နှံမှုများကို အများဆုံး ဖိတ်ခေါ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ရင်းနှီးမြှုပ်နှံမှု ဒုတိယအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုမှာ အဓိကအရေးကြီးပါကြောင်း၊ ယနေ့ဆွေးနွေးပွဲသည် တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အသေးစိတ်တင်ပြ ဆွေးနွေးသွားမည်ဖြစ်သဖြင့် တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ဝိုင်းဝန်းဆွေးနွေး ပေးကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးမြသီတာက မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရေးအတွက် တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ၊ တရုတ်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ ဆောင်ရွက်မှု အတွေ့အကြုံများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူဗဟိုပြုသည့် နည်းလမ်းဖြင့် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ဖြည့်စွက်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ဝန်ထမ်းများက သိရှိလိုသည်များကို ဝိုင်းဝန်းမေးမြန်း ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/ အမှုထမ်းများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်း/ အမှုထမ်းများက Online ဖြင့် တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတွေ့အကြုံများမျှဝေခြင်းအခမ်းအနား(၄/၂၀၂၄) ကျင်းပ

**နေပြည်တော် မေ ၃**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ အတွေ့အကြုံများ မျှဝေခြင်း (Knowledge Sharing) အခမ်းအနား (၄/၂၀၂၄) ကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်နှင့် ဒေါက်တာလင်းအောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြသည်။

**အလေ့အကျင့်ကောင်းများလို**

အခမ်းအနားတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက အိန္ဒိယနိုင်ငံ၏ E-Governance အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေနှင့် E-Governance ၏ စာရင်းစစ်ဆေးခြင်းဆိုင်ရာ နည်းလမ်းများအပေါ် စိန်ခေါ်မှုများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာထမ်း/ အမှုထမ်းများ သိရှိနားလည်စေရန်အတွက် ယနေ့ အခမ်းအနားကို ကျင်းပရခြင်း ဖြစ်ပါကြောင်း၊ E-Governance ပေါ်ပေါက်လာခြင်းဖြင့် များစွာသော အကျိုးကျေးဇူးများ ရရှိနိုင်သော်လည်း စိန်ခေါ်မှုများလည်း ရင်ဆိုင်ကြုံတွေ့ရနိုင်ပါကြောင်း၊ အဖွဲ့အစည်းတစ်ခု၏ ရည်ရွယ်ချက်များ အောင်မြင်နိုင်စေရန်အတွက် ကောင်းမွန်သော မဟာဗျူဟာများနှင့် အလေ့အကျင့်ကောင်းများ ပေါင်းစပ်ကျင့်သုံးသည့် အုပ်ချုပ်မှုစနစ် လိုအပ်ပါကြောင်း။

အိန္ဒိယနိုင်ငံ၏ E-Governance အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် သတင်းအချက်အလက်နှင့် နည်းပညာအပေါ် အခြေခံ၍ စာရင်းစစ်ဆေးနည်းများ၊ ဌာနတွင်း ထိန်းချုပ်ကွပ်ကဲမှုစနစ်များ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာ စောင့်စည်းလိုက်နာမှု စနစ်များ၊ ခေတ်နှင့်လျော်ညီစွာ လိုက်နာကျင့်သုံးလျက်ရှိသည့် စာရင်းစစ်စံများ၊ ငွေပေးချေမှုစနစ်များထားရှိဆောင်ရွက်ခြင်းများကို လေ့လာသိရှိရခြင်းဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် E-Governance အသွင်ကူးပြောင်းရာတွင် ဌာနတွင်းစာရင်းစစ်ကဏ္ဍနှင့် E-Governance ၏ အခန်းကဏ္ဍတို့ကို ပိုမိုထိရောက်စွာ ပံ့ပိုးဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါကိစ္စရပ်များအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာထမ်းများ ပိုမိုသိရှိနားလည်လာစေခြင်းဖြင့် စွမ်းဆောင်ရည် ပြည့်ဝသည့် ဝန်ထမ်းများ မွေးထုတ်ရာတွင် များစွာ အထောက်အကူပြုစေနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် "Audit of E-Governance" ခေါင်းစဉ်နှင့် စပ်လျဉ်း၍ (လက်ထောက်ညွှန်ကြားရေးမှူး) ဒေါ်ဝေဝေဖြိုးက အိန္ဒိယနိုင်ငံ၏ E-Governance ၏ စာရင်းစစ်ဆေးခြင်းနည်းလမ်းများ၊ ၎င်းစနစ်အတွင်း သုံးစွဲလျက်ရှိသော နည်းပညာများ၊ စနစ်များနှင့် လုံခြုံရေးပိုင်းဆိုင်ရာ စီမံဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံတွင် E-Goverment အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ဘဏ်တွင်းစာရင်းစစ်ဆေးရေးဌာနအနေဖြင့် စာရင်းစစ်ဆေးမှုများ ဆောင်ရွက်နေမှု အခြေအနေများကိုတင်ပြဆွေးနွေးခဲ့ရာတက်ရောက်လာကြသော ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဆင့်မြင့်အရာထမ်းများက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

**အိမ်အကူလုပ်ငန်းဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသူများစွာရှိနေပြီး ယင်းတို့အနက် အသက်လိမ်လည်မှုပြဿနာ၊ လုပ်ငန်းမကျွမ်းကျင်မှုပြဿနာ၊ အိမ်ရှင်နှင့် ဆက်သွယ်ပြောဆိုနိုင်ရန် ဘာသာစကားအားနည်းမှုပြဿနာ၊ အလုပ်သမားအခွင့်အရေးများနှင့် စည်းမျဉ်းစည်းကမ်းများ မသိရှိသည့် ပြဿနာများကြောင့် အေးဂျင့်များထံတွင် သောင်တင်နေရခြင်း၊ အလုပ်အိမ် မတည်မြဲခြင်း၊ လုပ်ခလစာပြည့်မရရှိခြင်း စသည့်အခက်အခဲများစွာကို ရင်ဆိုင်နေရပြီး နေရပ်ပြန်ခွင့်မရရှိသူများစွာ ရှိနေသည်ကိုလည်း ကြားသိရသည်မှာ ရင်နာဖွယ်ကောင်းလှသည်။**

"အိုမန်၊ ဒူဘိုင်းနဲ့ အီရတ်ကို အတတ်ပညာ မပြည့်စုံဘဲ အိမ်အကူလာဖို့ ကြိုးစားနေတဲ့သူတွေ အရင်ဆုံး အေးဂျင့်ကို သေသေချာချာ ရွေးချယ်ဖို့လိုပါတယ်။ တရားမဝင် ပို့ဆောင်ခံရတာမျိုး ဖြစ်တတ်ပါတယ်။ ကျွန်မ အပါအဝင်ပါပဲ။ အိမ်ရှင်တွေ ရှိတယ်ဆိုပြီး ရောက်လာခါမှ အလုပ်က တော်တော်နဲ့မရတာ၊ အိမ်ရှင်ရတော့လည်း အဆင်မပြေရင် ပြောင်းချင်တိုင်း ပြောင်းခွင့်မရတာတွေ အများကြီးရှိပါတယ်။ ကျွန်မတို့က ရောင်းစားခံရတာပါ။ ဖြစ်နိုင်ရင် ဘာသာစကား၊ လုပ်ငန်းကျွမ်းကျင်မှုမရှိဘဲ ပြည်ပကိုမလာပါနဲ့လို့ နောက်လူတွေကို ပြောပြလိုပါတယ်" ဟု အီရတ်တွင် အလုပ်လုပ်ကိုင်ခဲ့ပြီး အဆင်မပြေမှုကြောင့် အိမ်ရှင်နှင့် ပြောဆိုကာ လျော်ကြေးပေးပြီး မိမိအစီအစဉ်ဖြင့် ပြန်လည်ရောက်ရှိလာသူတစ်ဦးကလည်း ပြောကြားသည်။

**နိုင်ငံတော်နှင့် မြန်မာသံရုံးများက မိမိတို့နိုင်ငံသားများ ပြည်ပတွင် အခက်အခဲများနှင့် ကြုံတွေ့ရသည့်အခါတိုင်း တတ်စွမ်းသမျှ ကူညီပေးလျက်ရှိသည်မှာ မှန်သော်လည်း မြေပြင်အခြေအနေအရ အခက်အခဲတိုင်းကို ဖြေရှင်းပေးနိုင်ရန် မလွယ်ကူလှပေ။ ပြည်ပသို့ သွားရောက်လုပ်ကိုင်လိုသူများအနေဖြင့် ဘာသာစကား၊ အလုပ်အကိုင် ကျွမ်းကျင်မှုနှင့် သွားရောက်မည့်နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများအား ကြိုတင်လေ့လာကာ စနစ်တကျနှင့် တရားဝင်သွားရောက် အလုပ်လုပ်ကိုင်ခြင်းဖြင့်သာ နိုင်ငံနှင့် မိမိတို့၏ အကျိုးစီးပွားကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်းရေးသား တင်ပြလိုက်ရပါသည်။ ။**

# တိရစ္ဆာန်ဆေးကုသိပ္ပံနှင့် ဒီပလိုမာ (၁)နှစ် သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် မေ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ဆေးကုသိပ္ပံနှင့် ဒီပလိုမာ (၁)နှစ် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ တိရစ္ဆာန်ဆေးကုသိပ္ပံ ကျောင်းဝင်း၌ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တိရစ္ဆာန် ဆရာဝန်များအသင်းဥက္ကဋ္ဌ၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများ၊ တိရစ္ဆာန်ဆေးကုသိပ္ပံ ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။






**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တိရစ္ဆာန်ဆေးကုသိပ္ပံကျောင်းဝင်းအတွင်းရှိ တိရစ္ဆာန်ဆေးကုသိပ္ပံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပြီး **(အပေါ်ပုံ)** အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ဆေးကုသိပ္ပံ အုပ်ချုပ်ရေးခန်းမဆောင်၌ တိရစ္ဆာန်ဆေးကုသိပ္ပံ၊ ဒီပလိုမာ (၁)နှစ်သင်တန်းဖွင့်ပွဲ အခမ်းအနားနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် နိုင်ငံတော်၏ အသားကဏ္ဍ ပိုမိုဖွံ့ဖြိုးရေးအတွက် မွေးမြူထုတ်လုပ်မှုနှင့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ တိုးမြှင့်ပေးနိုင်ရန် ကာလတို၊ ကာလရှည် သင်တန်းများပေးခြင်းကို နှစ်စဉ်ပုံမှန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိရစ္ဆာန်ရောဂါကာကွယ် ကုသရေးဆိုင်ရာ အတတ်ပညာကို ကျွမ်းဝင်နားလည်သည့် ပညာရှင်ဝန်ထမ်းများအဖြစ် လေ့ကျင့်မွေးထုတ်ပေးပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကျေးလက်ဒေသများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မွေးမြူရေးကဏ္ဍဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ယခု တိရစ္ဆာန်ဆေးကုသိပ္ပံကျောင်းကို ယနေ့ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

မွေးမြူထုတ်လုပ်မှု တိုးတက်ရန်အတွက် မွေးမြူတိရစ္ဆာန်များ၏ ကျန်းမာရေးကို ထိထိရောက်ရောက် စောင့်ရှောက်မှုပေးနိုင်ရန် သင်တန်းတွင် တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်သည့် အခြေခံဆေးကုသရေး ပညာရပ်များကို သင်ကြားလေ့ကျင့်ပေးသွားမည် ဖြစ်ပြီး သင်တန်းပြီးမြောက်အောင်မြင်ပါက တိရစ္ဆာန်ဆေးကု ဒီပလိုမာ (Dip.V.Sc) ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ဌာန၏လုပ်ငန်းများကို အရည်အသွေး မြင့်မားစွာ ဆောင်ရွက်နိုင်မည့်နည်းတူ မိမိအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူ ပညာရပ်တစ်ခုကို တတ်မြောက်သွားစေမည်ဖြစ်၍ သင်တန်းသား သင်တန်းသူများအနေဖြင့် နိုင်ငံတော်အတွက်သာမက သင်တန်းတက်ရောက်သူများအတွက်ပါ အကျိုးကျေးဇူးကောင်းများရရှိမည့် သင်တန်းဖြစ်သောကြောင့် သင်တန်းကျောင်းက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထူးချွန်အောင် ကြိုးစားသင်ယူကြရန် တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းက သင်တန်းကျောင်းနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး သင်တန်းစာသင်ဆောင်တွင် စတင်သင်ကြားပို့ချနေမှုကို ကြည့်ရှုပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တိရစ္ဆာန်ဆေးကု သိပ္ပံ၊ ဒီပလိုမာ (၁)နှစ်သင်တန်းကို တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန် အခြေခံတတ်မြောက်ထားရမည့် ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ မွေးမြူရေးသိပ္ပံပညာ၊ အာဟာရဗေဒ၊ မေထုန်မှဲ့သားစပ်ပညာ စသည့် ဘာသာရပ်များအပြင် သားဖွားမီးယပ် ပညာ၊ အဏုဇီဝဗေဒ၊ ကပ်ပါးဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒ၊ တိရစ္ဆာန်ဆေးပညာ၊ အခြေခံခွဲစိတ်ပညာ၊ တိရစ္ဆာန်ကူးစပ်ရောဂါပညာ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုပညာ စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ ပေါင်းစပ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက တိရစ္ဆာန်ဆေးကု ဒီပလိုမာ(Dip.V.Sc) ဘွဲ့ ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းသို့ သိပ္ပံဘွဲ့ရရှိထားသည့် ဌာနတွင်းမှ သင်တန်းသား ငါးဦးနှင့် သိပ္ပံဘွဲ့ရရှိထားသူ ပြင်ပသင်တန်းသား ၆၁ ဦး စုစုပေါင်း ၆၆ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဝါစိုက်ပျိုးထုတ်လုပ်မှုမှ အထည်အလိပ်များ ထုတ်လုပ်သည်အထိ တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအစီအမံဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၃**

ဝါစိုက်ပျိုးထုတ်လုပ်မှုမှ အထည်အလိပ်များ ထုတ်လုပ်သည်အထိ တန်ဖိုးမြှင့် ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုး တိုးတက်ရေးအတွက် လုပ်ငန်းအစီအမံ ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ အထွေထွေမန်နေဂျာများ၊ ဆက်စပ်ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ ဝါစိုက်တောင်သူများ၊ ဝါလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။





**ဝိုင်းဝန်းဆွေးနွေးပေး**

ဦးစွာ ဒုတိယဝန်ကြီးက စက်မှုဝန်ကြီးဌာနအနေဖြင့် ဝါဂွမ်းမှ ချည်မျှင်နှင့် အထည်အလိပ်ထုတ်လုပ်ခြင်း၊ အထည်အလိပ်မှ အထည်ချုပ်လုပ် ရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုကဏ္ဍနှင့် ထုတ်လုပ်မှုကဏ္ဍတို့ကို မှန်မှန်ကန်ကန်သုံးသပ်ပြီး အချိုးညီမျှတအောင် ဆောင်ရွက်နိုင်ပါက ရည်မှန်းချက်များ အောင်မြင်မည်ဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့ ကိုယ်စားလှယ်များက ရှုထောင့်အသီးသီးမှ ဝိုင်းဝန်းဆွေးနွေးပေးကြပါရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် မန္တလေးတိုင်းဒေသကြီး ဝါစိုက်တောင်သူတစ်ဦးတို့က ဝါစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၏ လက်ရှိစိုက်ပျိုးထုတ်လုပ်နေမှု အခြေအနေ၊ လိုအပ်သည့် သွင်းအားစုများ၊ နည်းပညာနှင့် ငွေကြေးအရင်းအနှီး၊ လူ့စွမ်းအားအရင်းအမြစ်များ၊ လိုအပ်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦးနှင့် အမှတ်(၃) အကြီးစား စက်မှုလုပ်ငန်းမှ အထွေထွေ မန်နေဂျာတို့က ဝါကြိတ်ခြင်း၊ ချည်မျှင်ထုတ်လုပ်ခြင်း၊ ရက်လုပ်ခြင်း၊ အချောသပ်ထုတ်လုပ်ခြင်းနှင့် ဆေးဆိုးပန်းရိုက်လုပ်ငန်းများ၏ ဆောင်ရွက်နေမှုများ၊ လိုအပ်ချက်များ၊ အားသာချက်၊ အားနည်းချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်တစ်ဦးနှင့် SCM Sport Wear ထုတ်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတို့က အထည်အလိပ်ထုတ်ကုန်ပစ္စည်းများ တီထွင်ဆန်းသစ်မှုနှင့်ဈေးကွက်အနေအထားတို့ကို လည်းကောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အထည်အလိပ်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် လက်ရှိဖြစ်ပေါ်နေသည့် အခက်အခဲများ၊ နည်းပညာ၊ ငွေကြေး၊ လူ့စွမ်းအား အရင်းအမြစ်၊ စက်ပစ္စည်းနှင့်သွင်းအားစု စသည့် လိုအပ်ချက်များနှင့် နိုင်ငံတော်မှ ပံ့ပိုးပေးရမည့် အချက်များနှင့် စပ်လျဉ်း၍ စကားဝိုင်းပုံစံဖြင့် ကျင်းပရာ တက်ရောက်လာသည့် ကိုယ်စားလှယ်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် အုပ်စု (၄) ခု ဖွဲ့စည်း၍ Upstream ဖြစ်သည့် ဝါစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များ၊ အခွင့်အရေးများ၊ ပံ့ပိုးဆောင်ရွက်ပေးသည့်အချက်များ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Middle Stream ဖြစ်သည့် ဝါဂွမ်းမှ အထည်အလိပ် ထုတ်လုပ်ခြင်း ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များ၊ အခွင့်အရေးများ၊ ပံ့ပိုးဆောင်ရွက်ပေးသည့် အချက်များ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Down Stream ဖြစ်သည့် အထည်အလိပ်မှ အဝတ်အထည်ချုပ်လုပ်ဖြန့်ဖြူးခြင်းနှင့် ဈေးကွက်မြှင့်တင်ခြင်းအတွက် လိုအပ်ချက်များ၊ အခွင့်အရေးများ၊ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေး ပံ့ပိုးဆောင်ရွက်ပေးရမည့် အချက်များနှင့် ကျွမ်းကျင်လုပ်သားလိုအပ်ချက်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်စေရေး၊ လိုအပ်သောနည်းပညာနှင့် ငွေကြေးအရင်းအမြစ်ရရှိရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေးနှင့် နိုင်ငံတော်မှ ပံ့ပိုးပေးရမည့်အချက်များဖော်ထုတ်ရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အုပ်စုတစ်ခုချင်းစီအလိုက် ဆွေးနွေးကြပြီး ရရှိလာသည့်အချက်များကို ပြန်လည်ရှင်းလင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များက ထုတ်လုပ်မှုကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့်အချက်များ ဖော်ထုတ်ခြင်းနှင့် ရေးဆွဲမည့် လုပ်ငန်းအစီအမံတွင် ပါဝင်သင့်သည့် အချက်အလက်များ၊ ပါဝင်သင့်သည့် ဌာနအဖွဲ့အစည်းများကို ဝိုင်းဝန်းဖော်ထုတ်ဆွေးနွေးကြသည်။

**ဝင်ငွေတိုးတက်လာမည်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းရှိ တပ်ဆင်ထားရှိသော ဝါကြိတ်စက်များသည် အရည်အသွေးရှိပြီး စွမ်းဆောင်ရည်မြင့်မားစွာ အသုံးပြုနိုင်သည့် စက်ပစ္စည်းများဖြစ်ကြောင်း၊ ဝါစိုက်ပျိုးသည်မှ အဝတ်အထည်ရက်လုပ်သည့် ကွင်းဆက်တစ်လျှောက်ရှိ တောင်သူများ၊ ဝါကြိတ်စက်များ၊ ချည်မျှင်ထုတ်လုပ်သည့်စက်ရုံများ၊ အထည်စက်ရုံများ၊ အထည်ချုပ်လုပ်ငန်းများ အလုပ်အကိုင်ရရှိ၍ ဝင်ငွေတိုးတက်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ပမှ ချည်မျှင်နှင့်အဝတ်အထည်များ တင်သွင်းရမှုလျှော့ချနိုင်သဖြင့် နိုင်ငံခြားငွေ အသုံးပြုရမှု လျှော့နည်းသက်သာမည်ဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲမှ ရရှိသည့်အချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးသို့ ဆက်လက် တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည့် အခြေခံလေကြောင်း လူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၃**

တပ်မတော်(လေ)က ၂၀၂၄ ခုနှစ် အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၄) နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၇ ခုတွင် စုစုပေါင်း သင်တန်းသား ၈၅၀ ဖြင့် ၂၀၂၄ ခုနှစ် ဧပြီ ၂၂ ရက်မှစတင်၍ ဖွင့်လှစ်လျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် အဖွဲ့ဝင်များသည် လေယာဉ် ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်တွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၄) (ရန်ကုန်သင်တန်းစခန်း) နှင့် မှော်ဘီလေတပ်စခန်းတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄) (မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်း) များသို့ သွားရောက်ခဲ့ပြီး သင်တန်းသားများနှင့် တွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။ ထို့နောက် သင်တန်းသားများ သင်ခန်းစာပို့ချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး **(ယာပုံ)** ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံခရိုင်မှ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မေ ၃**

(၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်မတော်ဆေးရုံ၌ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်/ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးကြသည်။

ဦးစွာ တိုင်းမှူးက သွေးလှူဒါန်းပွဲသို့ တက်ရောက်လာကြသည့် မီးသတ်တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် တိုင်းမှူးက သွေးလှူဒါန်းနေသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တစ်ဦးချင်းလိုက်လံကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၄ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၃**

တပ်မတော်(ရေ) က ၂၀၂၄ ခုနှစ် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့် သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေရှိ နေပြည်တော်စခန်း တန်းခွဲ (၁) ရေကြောင်းလူငယ်စခန်းတွင် လှေလှော်ရွက်တိုက် ဘာသာရပ်ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယားရေကြောင်းလူငယ်စခန်းတွင် ရေတပ်အချက်ပြ ဆက်သွယ်ရေးဘာသာရပ်ကို လည်းကောင်း **(အောက်ပုံ)**၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းတွင် စစ်ရေးပြ ဘာသာရပ်ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းတွင် အခြေခံရေတပ်သား ဘာသာရပ်ကို လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်စခန်းတွင် အခြေခံရေတပ်သား ဘာသာရပ်ကို လည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ် စခန်းတွင် ရေကြောင်းလမ်းညွှန် ဘာသာရပ်ကိုလည်းကောင်း တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ကျွန်းစုမြို့နယ် တနင်္သာရီရေတပ်စခန်းဌာနချုပ်ရှိ သင်တန်းသားများအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများက သင်တန်းလေ့ကျင့်သင်ကြားနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## ဘက်စုံထူးချွန်လူရည်ချွန်ဆုရ ဖျာပုံ အ-ထ-က (၃) မှ လူရည်ချွန်အား မြို့တွင်းလှည့်လည်ဂုဏ်ပြုကြိုဆို



**ဖျာပုံ မေ ၃**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ဘက်စုံထူးချွန် လူရည်ချွန်ဆုရရှိခဲ့သည့် ဖျာပုံ အ-ထ-က (၃) မှ Grade 11 ကျောင်းသူ မနွေးနွေးလှိုင်အား ကြိုဆိုဂုဏ်ပြုပွဲကို မေ ၂ ရက်က ဖျာပုံ အ-ထ-က (၃) ၌ ပြုလုပ်သည်။

ယင်းဂုဏ်ပြုပွဲတွင် လူရည်ချွန်စခန်းမှ ပြန်လည်ရောက်ရှိလာသည့် မနွေးနွေးလှိုင်အား ဖျာပုံခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်အေးမြင့်၊ ဖျာပုံမြို့နယ်ပညာရေးမှူး ဆရာကြီးဦးထွန်းလွင်၊ အ-ထ-က (၃) ဖျာပုံ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီလွင်နှင့် ဆရာ ဆရာမများ၊ မိဘများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများက ဖျာပုံမြို့အဝင်မှ စတင်ကြိုဆို၍ ကျိုက်လတ်မြို့နယ် ဘင်ခရာအဖွဲ့နှင့်အတူ မြို့တွင်းသို့ လှည့်လည်ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် ခရိုင်ပညာရေးမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး လူရည်ချွန် မနွေးနွေးလှိုင်က လူရည်ချွန်ခရီးစဉ် အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်အဆင့် ဘက်စုံထူးချွန် လူရည်ချွန်ဆုရ မနွေးနွေးလှိုင်အား ဂုဏ်ပြုဆုငွေကျပ် ၂၈ သိန်းနှင့် စက်ဘီးတစ်စီး၊ မြို့နယ်အဆင့် လူရည်ချွန်ဆုရ နှစ်ဦးအား တစ်ဦးလျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် ဂုဏ်ပြုချီးမြှင့်သည်။

"အခုလို စီစဉ်ကြိုဆိုဂုဏ်ပြုရတယ်ဆိုတာ ထူးချွန်တဲ့သူကို ထူးချွန်သလောက် ဂုဏ်ပြုပေးချင်တာရယ်၊ ကျန်တဲ့ ကျောင်းသား ကျောင်းသူတွေ အနေနဲ့လည်း လေးစားအားကျအတုယူကာ ပညာကိုကြိုးစားသင်ယူကြစေဖို့ ရည်ရွယ်ပြီး ဝိုင်းဝန်းဂုဏ်ပြုပေးရခြင်းဖြစ်ပါတယ်" ဟု ကြိုဆိုပွဲဖြစ်မြောက်ရေး ပါဝင်ခဲ့သူ ဦးခင်ဝင်းက ပြောသည်။

**ချိုမြအိမ်**

## စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် မြေမွန်ကျေးရွာအုပ်စု မင်းကုန်းကျေးရွာ ဥေယျာဓမ်တောရကျောင်း၏ ဦးစီးပဓာနနာယက မဟာဗောဓိမြိုင်ဆရာတော်ကြီး ဘဒ္ဒန္တ ဥေယျာဓမ္မသာမိ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် မြေမွန်ကျေးရွာအုပ်စု မင်းကုန်းကျေးရွာ ဥေယျာဓမ်တောရကျောင်း၏ ဦးစီးပဓာနနာယက၊ မဟာဗောဓိမြိုင်ဆရာတော်ကြီး ဘဒ္ဒန္တဥေယျာဓမ္မသာမိ (၈၃ နှစ်၊ ၄၅ ဝါ)သည် ၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ ၃၀-၄-၂၀၂၄ ရက် (အင်္ဂါနေ့)၊ ၁၃ : ၁၅ အချိန်တွင် သီတင်းသုံးရာကျောင်း၌ ၉၆ ပါးသော ရောဂါဖြင့် ဘဝနတ်ထံပျံလွန်တော်မူကြောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရလည်းကောင်း၊ နတ်တလူ သာသနာပြုစခန်းမှ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဆရာတော်ကြီး၏ ကပ္ပိယကာရကများ၏ သဘောဆန္ဒအရလည်းကောင်း အန္တိမစျာပနကို ၎င်းတို့၏အစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရဘက်မှလည်း လိုအပ်သည်များ ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် မြေမွန်ကျေးရွာအုပ်စု မင်းကုန်းကျေးရွာ ဥေယျာဓမ်တောရကျောင်း၏ ဦးစီးပဓာနနာယက မဟာဗောဓိမြိုင်ဆရာတော်ကြီး ဘဒ္ဒန္တ ဥေယျာဓမ္မသာမိ၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း


မဟာဗောဓိမြိုင် ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် မြေမွန်ကျေးရွာအုပ်စု မင်းကုန်းကျေးရွာနေ ဦးဘစံ + ဒေါ်မေ တို့က ၁၃၀၃ ခုနှစ် ဝါဆိုလပြည့် အင်္ဂါနေ့ ည ၁ နာရီ တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။ ငယ်နာမည်မောင်ငြိမ်းမောင် ဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

၁၃၁၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက် စနေနေ့တွင် မင်းကုန်းတောရကျောင်းဆရာတော် ဘဒ္ဒန္တသုနန္ဒကို ဥပဇ္ဈာယ်ပြုလျက် မိခင် ဒေါ်မေ၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၂၃ ခုနှစ် ဝါဆိုလဆန်းတွင် ထန်းတပင်ကျေးရွာ ရွှေဖောင်တော်ဦးကျောင်းတိုက် ခဏ္ဍသိမ်၌ မင်းကုန်းတောရကျောင်း ဆရာတော် ဘဒ္ဒန္တအာစာရကို ဥပဇ္ဈာယ်ပြုလျက် ဦးဘသန်း + ဒေါ်စောဉာဏ်တို့၏ ပစ္စယာနုဂ္ဂဟခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ **(ပထမအကြိမ်)** ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၂၇ ခုနှစ် တော်သလင်းလဆန်း ၁၃ ရက်တွင် လူဝတ်လဲခဲ့ပြီးနောက် ၁၃၄၁ ခုနှစ် တော်သလင်းလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဘောက်ထော်သီရိ ရတနာလမ်းသာသနာ့ဗိမာန်ဆရာတော်ဘဒ္ဒန္တဝိမလကိုဥပဇ္ဈာယ်ပြု၍ ခေမာသီဝံကျောင်းတိုက်ခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့ **(ဒုတိယအကြိမ်)** ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေ သင်ယူဆည်းပူးခြင်း

၁၃၁၈ ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက် တနင်္ဂနွေနေ့တွင် ရွှေဘိုမြို့ ဝေဠုဝန်ပါဠိတက္ကသိုလ်စာသင်တိုက်သို့ ပိဋကတ်စာပေများ သင်ယူရန် ရောက်ရှိတော်မူခဲ့ပြီး ၁၃၁၉ ခုနှစ်တွင် အစိုးရပထမငယ်တန်း အောင်မြင်တော်မူခဲ့ပါသည်။ ၁၃၂၀ ခုနှစ် ဝါဆိုလဆန်း ၁၁ ရက် ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့ ကျောက်ပန်းတောင်းကျောင်းတိုက်သို့ စာပေသင်ယူရန် ကြွရောက်တော်မူခဲ့ပါသည်။ ၁၃၂၀ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့တွင် မော်လမြိုင်မြို့ စိန်မမပါဠိတက္ကသိုလ်သို့ ပညာသင်ယူရန် ရောက်ရှိခဲ့ပြီး ထိုနှစ်မှာပင် အစိုးရပထမလတ်တန်းကို အောင်မြင်တော်မူခဲ့ပါသည်။ ၁၃၂၅ ခုနှစ် နွေဦးကာလတွင် ပုသိမ်မြို့ သာသနရံသီပါဠိတက္ကသိုလ်သို့ ရောက်ရှိခဲ့ပြီး ထိုနှစ်မှာပင် အစိုးရပထမကြီးတန်းကို အောင်မြင်တော်မူခဲ့ရာ တိုင်းအဆင့်တွင် ဒုတိယရရှိခဲ့ပါသည်။




### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဘဝဒုက္ခကို သံဝေဂရသည်ဖြစ်၍ ၁၃၃၇ ခုနှစ်မှစ၍ တောတောင်များသို့ ဒေသစာရီကြွချီတော်မူခြင်း၊ ဘုရားတည်ခြင်း၊ ပြုပြင်ခြင်း၊ မွမ်းမံခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ၁၃၃၉ ခုနှစ်တွင် ကျိုက်လတ်မြို့နယ် ကျီးချောင်းကျေးရွာ၊ ဆင်ကူးကျေးရွာရှိ **"ပြည်လုံးချမ်းသာ ဖောင်တော်ဦးစေတီတော်"** ကို ပြုပြင်မွမ်းမံခဲ့သည်။ ၁၃၄၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့မှ အစပြုကာ အရညဝါသီတောရမှီလျက် သီတင်းသုံးတော်မူခဲ့ပါသည်။ ၁၃၄၁ ခုနှစ်တွင် သာစည်မြို့နယ် ရွှေကျောင်းကုန်းတောင်ထိပ်၌ **"လောကမုနိစေတီတော်"** ကို တည်ထားခဲ့ပါသည်။ ၁၃၅၃၊ ၁၃၅၄၊ ၁၃၅၅ ခုနှစ်များတွင် ပျဉ်းမနားမြို့ရှိ လက်လုပ်တောင်တောရတွင် သီတင်းသုံးခဲ့သည်။ ၁၃၅၇ ခုနှစ် တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် လားဟူကျေးရွာ ၂၂ ရွာ၊ လီရှောကျေးရွာ ၄ ရွာတို့ရှိ တိုင်းရင်းသား ၂၀၀၀ ကျော်ကို ထေရဝါဒဗုဒ္ဓဘာသာသို့ ကူးပြောင်းလာအောင် ဆောင်ရွက်တော်မူပြီး ဗုဒ္ဓဘာသာ အဆုံးအမခံယူပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီး **"မဟာဗောဓိမြိုင်ဆရာတော်"** ဟူ၍ နိုင်ငံအနှံ့ လူသိများထင်ရှားလာခဲ့ပါသည်။ ၁၃၅၉ ခုနှစ်တွင် နတ်တလူတောရကို စတင်တည်ထောင်၍ ဝါဆိုလပြည့်နေ့မှ တော်သလင်းလပြည့်နေ့ထိ နှစ်လတိတိ တရားစခန်း ဖွင့်လှစ်ပေးခဲ့ပါသည်။ ၁၃၅၉ ခုနှစ်တွင် နတ်တလူတောရ၌ ဉာဏ်တော် ၁၈ တောင် အမြင့်ရှိသော **"မင်းဘိသိက်ခံစေတီတော်"**ကို စတင်တည်ထားခဲ့ပြီး ၁၃၆၀ ပြည့်နှစ် တပေါင်းလပြည့်နေ့တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲကို အောင်မြင်စွာဆောင်ရွက်တော်မူခဲ့ပါသည်။ ၁၃၆၁ ခုနှစ် ကဆုန်လပြည့်နေ့တွင် မွေးရာချက်မြှုပ်အိမ်နေရာတွင် **"ဥေယျာဓမ် ရွှေချက်သို တံခွန်တိုင်"** ကို တည်ထားခဲ့သည်။ ဆရာတော်ကြီးသည် လေးထည်မြောက်သင်္ကန်းကို စွန့်၍ သုံးထည်သောသင်္ကန်းကိုသာ ဆောက်တည်ခြင်း **တိစီဝရိက်ဓုတင်**၊ ဆွမ်းခံ၍ ရသောဆွမ်းကိုသာ ဘုဉ်းပေးသုံးဆောင်တော်မူခြင်း **ပိဏ္ဍပါတ်ဓုတင်**၊ တောရဆောက်တည်ခြင်း **အရညကင်ဓုတင်**တို့ကို ဆောင်တော်မူလျက် ဒါယကာ ဒါယိကာမ အပေါင်းတို့အား ကုသိုလ်တရားပွားများနိုင်ရန် ချီးမြှောက်တော်မူခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၃ နှစ်၊ ဝါတော် ၄၅ ဝါအရ ၁၃၈၆ ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက် (၃၀-၄-၂၀၂၄)၊ အင်္ဂါနေ့၊ ၁၃:၁၅ အချိန်တွင် သီတင်းသုံးရာကျောင်း၌ ၉၆ ပါးသောရောဂါဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

**သတင်းစဉ်**

## ကံမမြို့နယ်သာသနာ့ဗိမာန်၌ အပူရှောင်စခန်း ဖွင့်လှစ်ထားရှိ

**ကံမ မေ ၃**

အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားလာသဖြင့် ဒေသခံပြည်သူများ အသက်အန္တရာယ် ထိခိုက်မှုမရှိစေရေးအတွက် မကွေးတိုင်းဒေသကြီး ကံမမြို့နယ် သာသနာ့ဗိမာန်၌ မြို့နယ် အပူရှောင်စခန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မေ ၁ ရက်တွင် စတင်ဖွင့်လှစ်ထားသည်။

အဆိုပါအပူရှောင်စခန်းကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ လာရောက်အပူရှောင်နားခိုနိုင်ပြီး နေ့လယ်စာ သက်သတ်လွတ်ထမင်းကျွေးမွေး၍ နားနေချိန်အတွင်း ဒေါက်တာအရှင် နန္ဒမာလာဘိဝံသ၏ တရားရေအေးအမြိုက်ဆေးများ နာကြားနိုင်ရန် စီစဉ်ထားရှိကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

# ကျောင်းများအားလုံး အပြည့်အဝပြန်လည်ဖွင့်လှစ်နိုင်ရေး ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့ နံနက်ပိုင်းက နေပြည်တော် ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေး ဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများနှင့် တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးများနှင့် အွန်လိုင်းမှ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီ ကောလိပ်ကျောင်းအုပ်ကြီးများနှင့် တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဇွန် ၃ ရက်တွင် ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အခြေခံပညာကျောင်းများနှင့် ဆက်စပ်ဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်နှင့် ကျောင်းများအားလုံး တစ်ပြိုင်တည်း ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ကျောင်းမဖွင့်မီ လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းသာယာရေး၊ ကျောင်းဥပမိရုပ်ကောင်းမွန်ရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ကျောင်းများမဖွင့်နိုင်ခဲ့သည့် အချို့ဒေသများတွင် ကျောင်းများအားလုံး အပြည့်အဝ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဧပြီ ၂၂ ရက်တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄) ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ဆင်နွှဲနိုင်ရန် တစ်နိုင်ငံလုံးရှိ အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် ဆရာအတတ်ပညာကျောင်းများ စတင်ဖွင့်လှစ်သည့်ဇွန်လတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်အားကစား စသည့် အားကစားနည်းပြိုင်ပွဲများကို ကျင်းပကြရမည်ဖြစ်ပြီး ဇူလိုင်လတွင် ဗဟိုအဆင့်ပြိုင်ပွဲများကို နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ဩဂုတ်လတွင် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးအားကစားပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ရာ အဆင့်မြင့်ပညာမှ နှစ်သင်း၊ ဆရာအတတ်ပညာမှ နှစ်သင်း စုစုပေါင်းလေးသင်းဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများတွင် စာသင်ကြားရုံသာမက အားကစားချိန်တွင် အမှန်တကယ် အားကစားပြုလုပ်ကြရန်နှင့် ကျောင်းစာကြည့်တိုက်တွင် စာဖတ်ရန် အချိန်ဇယားတွင် ထည့်သွင်းရေးဆွဲကျင့်သုံးကြရမည်ဖြစ်ပါကြောင်း၊ အချို့သောနယ်မြေများရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များအားလုံး ဇွန်လတွင် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှ စတင်၍ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင် ပထမနှစ် ကျောင်းသား ကျောင်းသူကို လူရည်ချွန်များ ပြန်လည်ရွေးချယ် ခေါ်ယူမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပရောဂျက်အခြေပြု သင်ကြားသင်ယူမှုစနစ် အောင်မြင်အောင် ကြိုးကြပ်ရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု MSME ဆိုင်ရာ သုတေသနလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရေး၊ နွေးထွေးသော အထက် အောက် ဆက်ဆံရေး ထူထောင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး ကြီးကြပ်ဆောင်ရွက်ကြရန်၊ သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းများ ပေးပို့ရန်အတွက် မှာကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ဆရာအတတ်ပညာကဏ္ဍရှိ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် ပညာရေး ဒီဂရီကောလိပ်ကျောင်းများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ - ရုရှား နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေး ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၃**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov အား နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**



**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ - ရုရှား နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေး ကိစ္စရပ်များ၊ ရုရှားနိုင်ငံမှ ဆောက်လုပ်ပေးထားသည့် တောင်ကြီးမြို့ စဝ်စံထွန်း ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်ရေးနှင့် ကင်ဆာရောဂါ ခတ်ရောင်ခြည် ဆေးကုသမှုများ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံ ဆေးပညာရပ်နှင့် ဆေးဘက်ဆိုင်ရာ ပညာရှင်များ အပြန်အလှန် စေလွှတ်ရေးနှင့် သုတေသန ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ အထူးသဖြင့် ကင်ဆာရောဂါ ပညာရပ်၊ ခွဲစိတ်ကုသမှု ပညာရပ်၊ နှလုံးဆေးကုသမှုနှင့် ခွဲစိတ်မှု ပညာရပ်၊ ဦးနှောက်နှင့် အာရုံကြော ဆေးကုသမှုနှင့် ခွဲစိတ်မှုပညာရပ်များ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံ ဆေးပညာရပ်နှင့် ဆေးဘက်ဆိုင်ရာ ဘွဲ့၊ ဒီဂရီများ အပြန်အလှန် အသိအမှတ်ပြုနိုင်ရေး ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ ၂၀၂၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံရှိ ကလေးအထူးကု ဆရာဝန်များအား ရုရှားနိုင်ငံသို့ စေလွှတ်၍ ကလေးကျန်းမာရေး စောင့်ရှောက်မှု သင်တန်းများ နှစ်စဉ်စေလွှတ်သင်ကြားနေသည့် ကိစ္စရပ်များ၊ ရန်ကုန် ပြည်သူ့ဆေးရုံကြီးနှင့် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ Napalkov Cancer Center တို့ အကြား ကင်ဆာရောဂါ ဆေးကုသမှု ပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံ ဆေးဝါးထုတ်လုပ်ရေး ကဏ္ဍနှင့် ရုရှားနိုင်ငံထုတ် ဆေးဝါးတင်သွင်းခြင်းနှင့် ဆေးဝါးမှတ်ပုံတင် ရရှိရေး ကိစ္စရပ်များ၊ ပြန်လည်သန်စွမ်းရေး ဆေးပညာရပ်ဆိုင်ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး တွေ့ဆုံပွဲအပြီးတွင် ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ ကျန်းမာရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ် (အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန)၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ရုရှားနိုင်ငံ သံရုံးမှ စီးပွားရေးရာ ကောင်စစ်ဝန်နှင့် သံတမန်ရေးရာသံမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၃-၅-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီ ဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | သာယာဝတီ | ၄၁.၄ | ၁၀၆.၅ |
| ၂။ | ဇောင်းတူ | ၄၁.၂ | ၁၀၆.၂ |
| ၃။ | ငါးသိုင်းချောင်း | ၄၁.၂ | ၁၀၆.၂ |
| ၄။ | ပြည် | ၄၁.၀ | ၁၀၅.၈ |
| ၅။ | အောင်လံ | ၄၀.၉ | ၁၀၅.၆ |
| ၆။ | မြဝတီ | ၄၀.၃ | ၁၀၄.၅ |
| ၇။ | ပဲခူး | ၄၀.၂ | ၁၀၄.၄ |
| ၈။ | ဟသ်ာတ | ၄၀.၂ | ၁၀၄.၄ |
| ၉။ | မှော်ဘီ | ၄၀.၁ | ၁၀၄.၂ |
| ၁၀။ | ခရမ်း | ၄၀.၁ | ၁၀၄.၂ |

## နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၏ ၃-၅-၂၀၂၄ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | နေပြည်တော် | ၃၆.၃ | ၉၇.၃ |
| ၂။ | ရန်ကုန် | ၄၀.၀ | ၁၀၄.၀ |
| ၃။ | မန္တလေး | ၃၅.၉ | ၉၆.၆ |

## မြန်မာစာ မြန်မာစကား

### ကသတ်သံဖြင့် ဖတ်

**မြန်မာစာကို နေ့တိုင်းရေးနေကြသည်။ မြန်မာစကားကို နေ့တိုင်းပြောနေကြသည်။ သို့သော် အမှတ်မဲ့သော်လည်းကောင်း၊ အမှတ်မှား၍သော်လည်းကောင်း၊ အမှား၊ အမှန် မကွဲပြား၍သော်လည်းကောင်း အသံထွက်ပုံထွက်နည်း မှားယွင်းကြသည်။ စာလုံးပေါင်းသတ်ပုံ၊ သဒ္ဒါအသုံးအနှုန်း၊ အထားအသို လွဲမှားနေတတ်သည်။ ထိုအမှားများထဲမှ မှားလေ့မှားထရှိသော အမှားများကို တိုတိုရှင်းရှင်းနှင့် လိုရင်းကို တင်ပြထားသည်။**

"ဝါကျ၊ သကျ၊ စကြဝဠာ" ဟူသော ကဗျည်းယပင့်၊ ကဗျည်းရရစ် ထားသည့် ပါဠိစကားလုံးတို့ကို (ကသတ်သံ) ဖြင့် ဖတ်ရသည်။

ဝါကျ =
(ဆိုလိုသည့် အဓိပ္ပာယ်ရောက်အောင်
စနစ်တကျ စီစဉ်ထားသော ပုဒ်အစုအပေါင်း)

- ဝါကျ
  - *ဝါကျ့* ✘
  - *ဝက်ကျ့* ✔

**ဝါကျ** တွင် **ဝါ** သည် ကဗျည်း ယပင့် **ကျ** ရှေ့တွင် ရှိသည်။ **ကျ** သည် က နှင့် ယ ဆင့် ထားသော စကားလုံးဖြစ်သည်။ ထို့ကြောင့် **ဝါ** ကို **ဝက်** ဟူ **ကသတ်သံဖြင့်** အသံထွက်၍ **ဝါကျ** ကို **ဝက်ကျ့** ဟု ဖတ်ရသည်။




ထိုနည်းတူ

- သကျသာကီ
  - *သကျ့သာဂီ* ✘
  - *သက်ကျ့သာဂီ* ✔
- စကြဝဠာ
  - *စကျ့ဝလာ* ✘
  - *စက်ကျ့ဝလာ* ✔

(မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။)

## ကောဒသမအကြိမ် သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲ နောက်ဆုံးအဆင့်ကို အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ(ကောဒသမအကြိမ်) နောက်ဆုံးအဆင့်ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိအမျိုးသားဇာတ်ရုံ၌ မေ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ဖြေဆိုပူဇော်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။ ကောဒသမအကြိမ် သုတစုံလင်ဗုဒ္ဓဝင်ဖြေဆို ပူဇော်ပွဲ နောက်ဆုံးအဆင့်တွင် ပြိုင်ပွဲဝင်ခြောက်ဦး ယှဉ်ပြိုင်ကြရမည်ဖြစ်ရာ နောက်ဆုံးအဆင့်သို့ ရောက်ရှိလာမည့် ပြိုင်ပွဲဝင် ၄၀ စာရင်းနှင့် ကြိုတင်ပြင်ဆင်ရမည့် စကားပြောစွမ်းရည် ခေါင်းစဉ်များကို ဧပြီ ၂၇ ရက်က ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲတွင် ပြိုင်ပွဲများ အနေဖြင့် မဟာဗုဒ္ဓဝင် (၆) တွဲ (၈) အုပ်၊ ယဉ်ကျေးမှု၊ အခြေခံဗုဒ္ဓဝင်၊ အဘိဓမ္မာ၊ ဇာတ်နိပါတ်၊ ထေရဝါဒ သမိုင်း၊ ပါဠိအဘိဓာန်နှင့် သာသနာအထွေထွေ ဗဟုသုတ (အမြန်မေး/ ဖြေနှင့် အထူးဆုအတွက်) စသည့်ဘာသာရပ်များကို ကြိုတင်လေ့လာထားရမည်ဖြစ်သည်။

ရှုံးထွက်အဆင့် ရေးဖြေစာမေးပွဲ(ပွဲစဉ်-၁)ကို မေ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်များသည် မိုဘိုင်းဖုန်း၊ ကွန်ပြူတာ၊ တက်ဘလက် စသည်ဖြင့် မိမိနှစ်သက်ရာဖြင့် ဖြေဆိုရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ဆင့်တွင် ပွဲစဉ်-၁ မှ အောင်မြင်လာသူ ၂၆ ဦးကို အုပ်စုနှစ်စုခွဲကာ ရေးဖြေယှဉ်ပြိုင် ဖြေဆိုရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ဆင့် (ပွဲစဉ်-၃)တွင် ပြိုင်ပွဲဝင် ၁၀ ဦးအနက် ခြောက်ဦးကို ထပ်မံရွေးချယ်မည်ဖြစ်သည်။

ကောဒသမအကြိမ် သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ ဖိုင်နယ်ဆင့် အမေး/အဖြေ ဖြေဆိုခြင်းဆိုင်ရာ (ပွဲစဉ်-၄)တွင် ပြိုင်ပွဲဝင်ခြောက်ဦးသည် စကားပြောစွမ်းရည်၊ ပါဠိရေးစွမ်းရည်နှင့် သာသနာတော်ဆိုရာ အထွေထွေဗဟုသုတ မေးခွန်းများကို ဖြေဆိုရမည်ဖြစ်ပြီး ယင်းတို့အထဲမှ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုများ အသီးသီး ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲတွင် ပထမဆုအနေဖြင့် အခြေခံဆုငွေ ကျပ် ၁၀ သိန်း၊ မနာပဒါယီ တက္ကသိုလ်ပညာသင်ဆု၊ ဒေါ်နန္ဒာဝင်းချီးမြှင့်သော ဗုဒ္ဓဂယာ ၁၅ ရက်ခရီး(၂ ဦးအခမဲ့ဆု)တို့အပြင် ကျပ်သိန်း ၁၈၀ ဆုဆိုင်ရာ ဆက်လက်ဖြေဆိုခွင့်ရရှိမည်ဖြစ်သည်။ ဒုတိယဆုရှင်သည် ဆုငွေ ကျပ်ကိုးသိန်းအပြင် သက္ကနွယ်ခရီးသွားလုပ်ငန်းက ချီးမြှင့်သည့် ဗုဒ္ဓဂယာ ခုနစ်ရက်ခရီး(အခမဲ့)ဆု ရရှိမည်ဖြစ်သည်။ ဖြေဆိုပူဇော်ပွဲကြီးဆိုင်ရာ မတည်အလှူရှင်များ လိုအပ်နေဆဲဖြစ်ကြောင်း သိရပြီး ဓမ္မဒါန သာသနာပြုကုသိုလ်ထူး ရယူလိုကြပါက မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို) ဖုန်း-၀၉ ၄၅၁၁၅၃၅၈၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**အာကာလင်း**

## ချောက်မြို့နယ်၌ အပူရှောင်စခန်းဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်

**ချောက် မေ ၃**



မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ သက်ကြီးဘိုးဘွားများ၊ ကိုယ်ဝန်ဆောင်များ၊ ကလေးသူငယ်များ အပူရှောင်နိုင်ရေး၊ အပူဒဏ်မှ ကာကွယ်နိုင်ရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်ပေးလျက်ရှိရာ မေ ၂ ရက်က အမှတ်(၁၁) ရပ်ကွက် မြို့လယ်သာသနဗိမာန်၌ အပူရှောင်စခန်းဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိကြောင်း သိရသည်။ ချောက်မြို့ပေါ်ရှိ ရပ်ကွက်များမှ အပူရှောင်လာသည့် သက်ကြီးဘိုးဘွားများအား နံနက်ပိုင်းတွင် စလင်းပရိယတ္တိစာသင်တိုက်၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကေသဝမှ သီလပေးတရားများ ချီးမြှင့်ပေးခဲ့ပြီး မြို့နယ်ကျန်းမာရေးဌာနမှ ဘိုးဘွားများအား ဆီးချို၊ သွေးချိုစစ်ပေးခြင်း၊ သွေးပေါင်ချိန်ပေးခြင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ကျန်းမာရေး စစ်ဆေး၍ တိုင်းရင်းဆေးများ အခမဲ့ပေးအပ်ခြင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဘိုးဘွားများ သက်သောင့်သက်သာနေချိန်တွင် စာအုပ်များ ဖတ်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အပူရှောင်စခန်းအတွက် သောက်သုံးရေနှင့် ခေတ်ဆားရည်အဖြစ် ရှိုင်ရယ်ဒီထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချောက်မြို့နယ်ရှိ အပူရှောင်စခန်းများတွင် ယနေ့နံနက်ပိုင်း အပူရှောင်လာသူ မြို့လယ်သာသနဗိမာန်တွင် ၆၀၊ အုံမြားကြီးကျေးရွာ ဘုန်းကြီးကျောင်းတွင် ၅၀ အပူရှောင်လာလျက်ရှိကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**



## မော်လမြိုင်ကျွန်းမြို့နယ်၌ သစ်တောများပြုန်းတီးမှု မဖြစ်စေရေး အသိပညာပေးဟောပြော

**မော်လမြိုင်ကျွန်း မေ ၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ မြောင်းမြခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေ၏ ကြီးကြပ်မှုဖြင့် သစ်တောများ ပျက်စီးပြုန်းတီးမှုမဖြစ်စေရေးအသိပညာပေး ဟောပြောပွဲကို မေ ၂ ရက်က နတ်မင်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ဟောပြောတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းမင်းဌေးက သစ်တောမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ သစ်တောများ ပျက်စီးပြုန်းတီးမှုကို ဖြစ်ပေါ်စေသည့် အကြောင်းအရင်းများ၊ သဘာဝ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်ပင်စိုက်ပျိုးခြင်းဖြင့် ဒေသတွင်း အပူချိန်လျော့ကျလာခြင်း၊ မိန်းမလှကျွန်းပေါ်ရှိ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော ဗီဒီယိုကလစ်ကို ပြသ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စသည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသားကျောင်းသူများ ၇၅ ဦးနှင့် သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်း ခုနစ်ဦး စုစုပေါင်း ၈၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ယာယီပြောင်းရွှေ့နေထိုင်သူများအတွက် ဆန်ရိက္ခာထောက်ပံ့

**ဘားအံ မေ ၃**

ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် အကြမ်းဖက်သောင်းကျန်းသူများသည် ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း ဝင်ရောက်နေထိုင်၍ အကြမ်းဖက်လုပ်ငန်းများနှင့် တိုက်ပွဲများ ဖော်ဆောင်ခဲ့သည့်အတွက် ဒေသခံပြည်သူများသည် ဘားအံ၊ လှိုင်းဘွဲ၊ မြိုင်ကြီးငူ၊ ကမမောင်းဒေသများသို့ ယာယီပြောင်းရွှေ့နေထိုင်ခဲ့ကြရာ မေ ၃ ရက် မွန်းလွဲ ၂ နာရီက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှထောက်ပံ့သည့် ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်သည့်အခမ်းအနားကို ဘားအံမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်း နယ်မြေမတည်ငြိမ်မှုများကြောင့် ယာယီပြောင်းရွှေ့အိမ်ထောင်စုပေါင်း ၇၇၁၁ စု၊ လူဦးရေ ၃၀၆၄၀ သည် နီးစပ်ရာဆွေမျိုးများနေအိမ်နှင့် ဘာသာရေးအဆောက်အဦများတွင် ယာယီပြောင်းရွှေ့နေထိုင်ခဲ့ကြရပြီး စားသောက်နေထိုင်ရေးအဆင်ပြေစေရန် မိမိတို့ပြည်နယ်အစိုးရအဖွဲ့မှ ဆန်၊ ဆီအစရှိသော စားသောက်ကုန်ပစ္စည်းများ ကူညီထောက်ပံ့ပေးခဲ့ရကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အစိုးရတစ်ဖွဲ့တည်းမှ ဆောင်ရွက်၍မရဘဲ ဒေသခံများကိုယ်တိုင် ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ယာယီပြောင်းရွှေ့ပြည်သူများအနေဖြင့် ယာယီနေထိုင်သည့်ကာလအတွင်း စည်းစည်းလုံးလုံးနေထိုင်ကြစေလိုပြီး ရာသီဥတုပူပြင်းသည့် ကာလဖြစ်သည့်အတွက် ကျန်းမာရေးကို အထူးဂရုစိုက်ကြရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဂရုစိုက်ကြရန်၊ စည်းကမ်းနှင့်အညီနေထိုင်ပြီး တာဝန်ရှိသူများ၏ ပြောဆိုဆုံးမမှုများကိုနာခံ၍ ဆရာတော်ကြီးများနှင့် သက်ကြီးရွယ်အိုများ၏ ဆုံးမဩဝါဒနှင့်အညီ နေထိုင်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဘားအံမြို့ပေါ်ရပ်ကွက်(၉)ရပ်ကွက် မိကရင်၊ လှာကဒေါင်၊ လှာကာ၊ အုန်းတပင်၊ လက္ခဏာ၊ အိန္ဒြဲ၊ ဗျက္ခ၊ စံဖရီး၊ လှာကမြင်ကျေးရွာအုပ်စုများတွင် ယာယီပြောင်းရွှေ့နေထိုင်သူ အိမ်ထောင်စု ၁၃၉၅ စု၊ လူဦးရေ ၅၄၉၄ ဦးအတွက် ဆန် ၃၈၆၂ အိတ် ထောက်ပံ့ပေးအပ်ရာ **(အပေါ်ယာပုံ)** ယာယီပြောင်းရွှေ့နေထိုင်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူး တင်စကား ပြန်လည်ပြောကြားသည်။



ယာယီပြောင်းရွှေ့နေထိုင်သူများ စားဝတ်နေရေးကိစ္စရပ်များအဆင်ပြေစေရန် ကရင်ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်က အိမ်ထောင်စုတစ်စုလျှင် ဆန်ရှစ်ပြည်၊ ဆီတစ်လီတာ၊ ခေါက်ဆွဲခြောက် ၁၀ ထုပ်နှုန်းဖြင့် စုစုပေါင်း အိမ်ထောင်စု ၅၉၂၈ စု၊ လူဦးရေ ၂၃၆၂၄ ဦးတို့အား ဆန် ၁၉၇၆ အိတ်၊ ဆီ ၅၉၂၈ လီတာ၊ ခေါက်ဆွဲခြောက် ၇၆၂ ဖာကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ် ဧပြီ ၁၁ ရက်မှ ၂၃ ရက်အထိ လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူအထူးဒေသသို့ ယာယီပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စု ၁၅၃၉ စု၊ လူဦးရေ ၆၈၅၇ ဦးတို့အား တစ်ဦးလျှင် ဆန်နှစ်ဘူးနှုန်းဖြင့် သုံးလစာအတွက် စုစုပေါင်းဆန် ၆၄၂၈ အိတ်ကိုလည်းကောင်း၊ ဧပြီ ၂၅ ရက်တွင် ဘားအံမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၂၂၃ စု၊ လူဦးရေ ၈၆၈ ဦးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့သည့် ဆန်အိတ် ၆၀၉ အိတ်ကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်ရှိသည့်ရပ်ကွက်/ကျေးရွာအုပ်စုများမှ ယာယီပြောင်းရွှေ့နေထိုင်သူများအား ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၁၁၆ / ၂၀၂၃)သင်တန်းဆင်းပွဲ အခမ်းအနားတက်ရောက်

**နေပြည်တော် မေ ၃**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၁၁၆/၂၀၂၃) ရဲသိပ္ပံတပ်ခွဲ၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင်မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် တက်ရောက်သည်။



ဦးစွာ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်သည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲကိုစစ်ဆေးပြီး ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။ ယင်းနောက် ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း ဇက်နင်ဆိမ်း၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖြိုးဇော်ထက်၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း နီလာဗိုလ်၊ ကွန်ပျူတာ ဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း လပြည့်ဝင်း၊ အင်္ဂလိပ်စာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဇက်နင်ဆိမ်း တို့ကိုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်က သင်တန်းဆင်း အမှာစကားပြောကြားရာတွင် သင်တန်းဆင်း ဒုတိယ ရဲအုပ်လောင်းများအနေဖြင့် တပ်ဖွဲ့အသီးသီး၌ ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ကြရမည့်သူများ ဖြစ်သည့်အတွက် ခေါင်းဆောင်မှုအင်္ဂါရပ် (၁၆)ရပ်နှင့်အညီ နေထိုင်ကျင့်ကြံပြီး ဥပဒေနှင့် ညီညွတ်သောအမိန့်၊ မျှတသောဆုံးဖြတ်ချက်များနှင့် အဂတိတရားကင်းရှင်းစွာဖြင့် မိမိလက်အောက်ကို ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်ပြီး ပြည်သူတို့ဘဝ အေးချမ်းသာယာဖွံ့ဖြိုး တိုးတက်စေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရည်မှန်းချက်တာဝန်(၄)ရပ်ကို အလေးထား အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ရဲတပ်ဖွဲ့ဝင်များသည် ပြည်တွင်းလုံခြုံရေးကို နောင်တော် တပ်မတော်နှင့်အတူ ဆောင်ရွက်နေကြရသည် ဖြစ်သည့်အတွက် စစ်ဆင်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သလို နိုင်ငံနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် အသက်နှင့်ခန္ဓာကိုယ် စွန့်လွှတ်စွန့်စားရဲသည့် ရဲစွမ်းသတ္တိများနှင့် ပြည့်စုံနေစေရန် မှာကြားလိုကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့အနေဖြင့် မူဝါဒ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည့်အပြင် ပြည်သူများ စိတ်အေးချမ်းသာယာစွာဖြင့် အသက်မွေးဝမ်းကျောင်းမှုကို ကောင်းမွန်စွာ လုပ်ကိုင်နေထိုင်နိုင်ရန်အတွက် မူခင်းကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်(၆)ရပ်ကို မိမိတာဝန်ယူရသည့် နယ်မြေအတွင်း ဒေသနှင့် ကိုက်ညီသည့် နည်းလမ်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ကိုအမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းလက်တွဲ၍ မူးယစ်ဆေးဝါး ပပျောက်သည်အထိ တားဆီးကာကွယ်ရေး၊ စုံစမ်းဖော်ထုတ်အရေးယူရေး လုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တပ်ဖွဲ့ဝင်များအနေဖြင့် လူမှုရေးလုပ်ငန်းများ၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း တက်တက်ကြွကြွပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ရဲတပ်ဖွဲ့ဝင်များ စွမ်းရည်ပြည့်ဝ ထက်မြက်နေစေရန်အတွက် **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုသည့် လေ့ကျင့်ရေးမူဝါဒနှင့်အညီ ပြောင်းလဲတိုးတက်လာသည့် ရဲလုပ်ငန်းစနစ်များ၊ စစ်နည်းဗျူဟာများနှင့် စစ်အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာနေရန် လိုအပ်ကြောင်း၊ အမျိုးသမီးရဲအရာရှိများအနေဖြင့်လည်း မိမိတို့ ရောက်ရှိတာဝန် ထမ်းဆောင်ကြရမည့် လက်တွေ့နယ်ပယ်မှာ လေ့ကျင့်သင်ကြား ပျိုးထောင်ပေးလိုက်သည့် ပညာရပ်များကို အခြေခံပြီး လက်တွေ့ဘဝနှင့် ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ လိုက်နာရမည့် အစဉ်အလာကောင်း (၁၂)ရပ်တွင် ပါရှိသည့် **"နိုင်ငံတော်တွင် အရေးကြုံတိုင်း နောင်တော် တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်"** ဟူသည့်အချက်နှင့်အညီ တပ်မတော်နှင့်အတူ လက်တွဲ၍ လက်ရှိနိုင်ငံတော်၏ အခြေအနေကို တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

သင်တန်းဆင်းပွဲသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ရဲထောက်ချုပ် ရဲမှူးချုပ် မြင့်တိုးနှင့် ရဲအရာရှိကြီးများ၊ ဇဟိုမီးသတ် သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၆) ရဲသိပ္ပံတပ်ခွဲတွင် တပ်တွင်းဘွဲ့ရအမျိုးသား ၂၃၂ ဦး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အမျိုးသား နှစ်ဦး၊ တပ်တွင်းဘွဲ့ရအမျိုးသမီး ၁၁၀၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ အမျိုးသမီးတစ်ဦး စုစုပေါင်း ၃၄၅ ဦးတို့ကို သင်တန်း ဆင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်း**

နေပြည်တော် မေ ၃ – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ တီရစ္ဆာန်များ၊မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဧပြီ ၃၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် ပခုက္ကူမြို့ မြို့ရှောင်လမ်းဆုံ၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဝက်အကောင် ၅၀ (ခန့်မှန်းတန် ဖိုးငွေကျပ် ၂၂၀၀၀၀၀၀) နှင့် အဆိုပါဝက်များ တင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Lipovitan–D အားဖြည့် အချိုရည် ပုလင်း ၅၀၀၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မေ ၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့ ရတနာပုံ တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)နှင့် ကလေးမြို့နယ်အတွင်း၌ New Anbo 125 မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် ရွာသာကြီး Dry Port ၌ ဘားအံမြို့မှရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆင်ကြယ်တံဆိပ်ဖိနပ်အရန် ၁၇၈၈၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၄၅၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yar Zar Min Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၀၄၅၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၃၀ ရက်၊ မေ ၁ ရက်နှင့် မေ ၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၈၀၄၅၆၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရှိ အကျဉ်းထောင်အချို့တွင် ရေအခက်အခဲ ဆိုးရွားစွာကြုံတွေ့နေရ ခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှားများ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၃**

မြန်မာနိုင်ငံရှိအကျဉ်းထောင်အချို့ တွင် ရေအခက်အခဲ ဆိုးရွားစွာ ကြုံတွေ့နေရ ခေါင်းစဉ်ဖြင့် Irrawaddy သတင်းဌာန လူမှုကွန်ရက် စာမျက်နှာပေါ်တွင် မဟုတ်မမှန်သတင်းများ ဖော်ပြလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ သတင်းသည် မဟုတ်မမှန် လုပ်ကြံသတင်းသာဖြစ်ပြီး မြန်မာနိုင်ငံရှိ အကျဉ်းထောင်၊ အချုပ်ထောင်များတွင် လူဦးရေ ကျပ်တည်းမှုမရှိဘဲ တစ်နေ့လျှင် ရေချိုးချိန် နှစ်ကြိမ် ပေးထားပြီး စည်းကမ်းတကျ ရေချိုးခွင့်ပြုထားကာ ယနေ့ အချိန်အထိ ရေပြတ်လပ်မှုမရှိဘဲ သောက်ရေ၊ သုံးရေ လုံလောက်စွာ အသုံးပြုလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကျိုက်မရောဗဟို အကျဉ်းထောင်တွင် အတ္တရံမြစ်မှ မြစ်ရေတင်စနစ်ဖြင့် ရေစစ်ကန် လေးကန်အား အဆင့်ဆင့်ဖြတ်ကျော်ပြီး အကျဉ်းထောင်အတွင်း ရေပေးပို့ သုံးစွဲစေလျက်ရှိကာ မြစ်ရေတင်ပိုက်လိုင်း ဖြတ်သန်းသောလမ်းကြောင်းတွင်လည်း ဘဲမွေးမြူရေးကန်များ မရှိကြောင်း၊ သောက်ရေအတွက် အကျဉ်းထောင်အတွင်း အဝီစိ တွင်းများမှ ရရှိသောရေများအား ရေသန့်စက်များဖြင့် သန့်စင်၍ သောက်ရေ ပေးဝေခြင်းအပြင် ပြင်ပရေသန့်ကားများဖြင့်လည်း အကျဉ်းထောင်အစီအစဉ်ဖြင့် သောက်ရေသန့်များ ဝယ်ယူဖြည့်တင်းပေးလျက်ရှိကြောင်း၊ အကျဉ်းသားတစ်ဦးလျှင် တစ်ရက် သောက်ရေ လေးလီတာနှင့် ချိုးရေဂါလန် ၃၀ အထိ သုံးစွဲခွင့်ပေးထားကြောင်း။

အလားတူ မုံရွာအကျဉ်းထောင်တွင် သောက်ရေသုံးရေ လုံလောက်စွာ ရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့ ရေပေးဝေရေးစနစ်မှ အကျဉ်းထောင်သို့ ပိုက်လိုင်းသွယ်၍ ရေလှောင်ကန် နှစ်ကန်မှတစ်ဆင့် အကျဉ်းထောင် ရေသန့်စက်ရုံမှ ထုတ်ယူသုံးစွဲသည့်စနစ်ဖြင့် အကျဉ်းထောင် အိပ်ဆောင်များသို့ တစ်ရက်လျှင် ငါးကြိမ် ပို့လွှတ်သုံးစွဲစေလျက်ရှိကြောင်း၊ တစ်ဦးလျှင် သောက်ရေ သုံးရေသတ်မှတ်ချက်အတိုင်း သုံးစွဲခွင့်ပြုထားကြောင်း၊ ထိန်းသိမ်းထားရှိသည့် အကျဉ်းသား အကျဉ်းသူများအနက် အရေပြားယားနာဖြစ်ပွားသူများမရှိဘဲ အိပ်ဆောင်များတွင် လေဝင်လေထွက်ကောင်းမွန်ပြီး ပန်ကာများလည်း တပ်ဆင်ပေးထားခြင်းကြောင့် အပူနာများဖြစ်ပွားမှုများလည်း မရှိကြောင်း၊ အကျဉ်းထောင်ဆရာဝန်နှင့် ကျန်းမာရေးအဖွဲ့များကလည်း နေ့/ည မည်သည့်အချိန်တွင်မဆို လိုအပ်သည့်ကျန်းမာရေးဆေးဝါးကုသမှုများအား အချိန်ပြည့် ဆောင်ရွက်ပေးလျက်ရှိကြောင်း အကျဉ်းထောင်တာဝန် ရှိသူများထံ စိစစ်ချက်အရ သိရသည်။

ထို့ပြင် သရက်အကျဉ်းထောင်တွင် အကျဉ်းထောင်အတွင်း စက်ရေတွင်း ၁၂ တွင်း၊ ၂၇၆၀ watt ရှိ နေရောင်ခြည်သုံးဆိုလာစနစ် လေးလက်မ ရေတင်စက်နှစ်လုံးတို့ရှိပြီး ၎င်းစက်ရေတွင်းများမှ သောက်ရေသုံးရေများကို အကျဉ်းထောင်အတွင်း ရေသန့်စက်ရုံများမှ အိပ်ဆောင်များအား လုံလောက်စွာ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ မြင်းခြံဗဟိုအကျဉ်းထောင်၊ မိတ္ထီလာအကျဉ်းထောင်နှင့် ရမည်းသင်းအကျဉ်းထောင်တို့တွင်လည်း အကျဉ်းထောင်၏ ရေသန့်စက်ရုံမှ RO စနစ်ဖြင့် အကျဉ်းသား အကျဉ်းသူများအတွက် သောက်ရေသုံးရေများကို လုံလောက်စွာ ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် သောက်ရေသုံးရေများ လုံလောက်မှုရှိသောကြောင့် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၌အပူကန်ခြင်း၊ အရေပြားယားနာများနှင့်အပူနာခြင်းများ ဖြစ်ပွားနေခြင်းမရှိကြောင်း အကျဉ်းထောင်တာဝန်ရှိသူများထံ စိစစ်ချက်အရ သိရသည်။

Irrawaddy သတင်းဌာန၏ လူမှုကွန်ရက် စာမျက်နှာတွင် ဖော်ပြချက်သည် အကျဉ်းထောင်တာဝန်ရှိသူများကို ပြည်သူလူထု အထင် အမြင်လွဲမှားစေရန် ထိုးနှက်တိုက်ခိုက်သောသတင်းတု၊ သတင်းမှားများသာ ဖြစ်သည်။ **(မိုးမြင့်)**

# ပန်းတိုင်းခြံကျေးရွာရှိ လုံခြုံရေးတပ်စခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ပန်းတိုင်းခြံကျေးရွာရှိ လုံခြုံရေးတပ်စခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သမားများက မေ ၂ ရက်တွင် လာရောက် တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ တိုက်ခိုက်ခံရမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ ကျေးရွာအတွင်း ရှာဖွေစစ်ဆေးမှုများလုပ်ဆောင်ခဲ့ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု မှန်ကန်မှုမရှိသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများ အထင်အမြင်လွဲမှားစေရန် အတွက် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ အဆိုပါလုံခြုံရေးတပ်စခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပန်းတိုင်းခြံကျေးရွာနှင့် ပခုက္ကူနည်းပညာတက္ကသိုလ်သို့သွားရောက်သည့် လမ်းလုံခြုံရေးဆောင်ရွက်ရန် ထွက်ခွာစဉ် အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ကြောင်း၊ နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပန်းတိုင်းခြံကျေးရွာရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည် ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း လုံခြုံ




ရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဒေသခံပြည်သူများမှ အထင်အမြင်လွဲမှားစေရန်နှင့် ကြောက်ရွံ့ထိတ်လန့်စေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံရေးသားထားသည့်သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်ရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး အသိပညာပေး

**ရန်ကုန် မေ ၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ရှည်ကာလအတွင်း ကျောင်းသား ကျောင်းသူ လူငယ်များအား မိမိတို့ဝန်းကျင်ရှိ သစ်တောသစ်ပင်နှင့်ဇီဝမျိုးစုံမျိုးကွဲများကို ချစ်မြတ်နိုးတတ်စေရန်နှင့် လက်ရှိရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၏ အခြေခံအကြောင်းအရင်းများကို သိရှိနားလည်တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စဝေခန်းမ၌ ယနေ့နံနက်က ပြုလုပ်သည်။

ထိုသို့ ဟောပြောရာတွင် သဃ်န်းကျွန်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိက ကျောင်းသူ ကျောင်းသားများကို "သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ထိန်းသိမ်းခြင်း၊ သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ သစ်တောများနှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်း၊ သစ်တောများမှပေးစွမ်းနိုင်သော အကျိုးကျေးဇူးများ" အစရှိသည့် ခေါင်းစဉ်များဖြင့် အသိပညာပေး ဟောပြောခဲ့ရာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူ ၈၀ အား သဃ်န်းကျွန်းမြို့နယ် သစ်တောဦးစီးဌာန ရွာသာကြီး အမြဲတမ်းပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားရှိသည့် ပျိုးပင်များအကြောင်းနှင့် နည်းလမ်းတကျ သစ်ပင်စိုက်ပျိုးခြင်း အခြေခံနည်းစနစ်တို့ကို သရုပ်ပြ ရှင်းလင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖွဲ့မင်းထက်(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် အထူးအစီအစဉ် တစ်ရပ်အနေဖြင့် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ ၂၄၀ နှင့် ပထဝီဝင်ဘာသာရပ် လာရောက်ဖြေဆိုသူ ၃၇ ဦးရှိ

**နေပြည်တော် မေ ၃**

နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပြီး ကျင်းပပြီးစီးခဲ့သည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ စာမေးပွဲဖြေဆိုခွင့်မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား၊ ကျောင်းသူများကို အထူးအစီအစဉ် တစ်ရပ်အနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုနှင့်အတူ သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများသို့ ကျောင်းသား၊ ကျောင်းသူများကို စုစည်းခေါ်ယူ၍ စာမေးပွဲဖြေဆိုစေလျက်ရှိသည်။

အဆိုပါ အထူးအစီအစဉ် တစ်ရပ်အနေဖြင့် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲစတုတ္ထနေ့တွင် ဓာတုဗေဒဘာသာရပ်၌ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၄၄၂ ဦးရှိပြီး လာရောက်ဖြေဆိုသူစုစုပေါင်း ၂၄၀ ရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၅၄ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် ပထဝီဝင်ဘာသာရပ်၌ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၉၃ ဦးရှိပြီး လာရောက်ဖြေဆိုသူစုစုပေါင်း ၃၇ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၃၉ ဒသမ ၇၈ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## အခြေခံပညာဦးစီးဌာန ၂၀၂၄ ခုနှစ်၊ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်သည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်-ပထဝီဝင်

ရက်စွဲ၊ ၃ - ၅ - ၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၁ | ၁ | ၁ | ၀ | ၂ | ၂ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၁၀၀.၀၀ % | ၀.၀၀% | |
| ၂ | ကယား | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၀ | ၁၀ | ၂၀ | ၃ | ၇ | ၁၀ | ၇ | ၃ | ၁၀ | ၅၀.၀၀% | ၅၀.၀၀% | |
| ၅ | စစ်ကိုင်း | ၁ | ၁ | ၁ | ၄ | ၃ | ၇ | ၁ | ၀ | ၁ | ၃ | ၃ | ၆ | ၁၄.၂၉% | ၈၅.၇၁% | |
| ၆ | တနင်္သာရီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၇ | ပဲခူး(ရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၈ | ပဲခူး(နောက်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၉ | မကွေး | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၀ | မန္တလေး | ၁ | ၁ | ၁ | ၁၁ | ၁၀ | ၂၁ | ၇ | ၆ | ၁၃ | ၄ | ၄ | ၈ | ၆၁.၉၀% | ၃၈.၁၀% | |
| ၁၁ | မွန် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၁၉ | ၂၀ | ၃၉ | ၄ | ၃ | ၇ | ၁၅ | ၁၇ | ၃၂ | ၁၇.၉၅% | ၈၂.၀၅% | |
| ၁၃ | ရန်ကုန် | ၁ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၁ | ၂ | ၃ | ၁ | ၂ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၆ | ရှမ်း(ရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၇ | ဧရာဝတီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၈ | နေပြည်တော် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| စုစုပေါင်း | | ၇ | ၇ | ၇ | ၄၅ | ၄၈ | ၉၃ | ၁၆ | ၂၁ | ၃၇ | ၂၉ | ၂၇ | ၅၆ | ၃၉.၇၈% | ၆၀.၂၂% | |

စာမျက်နှာ ၁၇ သို့

## မြန်မာတစ်နိုင်ငံလုံးတွင် အကောင်ရေ ၄၀ ဝန်းကျင်သာကျန်ရှိသည့် ရှားပါးငှက်မျိုးစိတ် ငဟစ်ဝမ်းဖြူငှက်ကို မှတ်တမ်းတင်နိုင်ခဲ့

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံတွင် ကျားသစ်ထက်ရှားပါးပြီး မြန်မာတစ်နိုင်ငံလုံးတွင် အကောင်ရေ ၄၀ ဝန်းကျင်သာကျန်ရှိသည့် ရှားပါးငှက်မျိုးစိတ် ငဟစ်ဝမ်းဖြူငှက်ကို NSCI group မြန်မာလူငယ်သုတေသန ပညာရှင်အဖွဲ့က မှတ်တမ်းတင် ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါငဟစ်ဝမ်းဖြူငှက်မှာ ကမ္ဘာ့အရှားပါးဆုံး ငှက်များထဲတွင် တစ်မျိုးအပါအဝင်ဖြစ်ပြီး မြန်မာနိုင်ငံမြောက်ပိုင်း၌အကောင်ရေ ၄၀ ခန့်သာ ကျန်ရှိတော့၍ကျားသစ်အကောင်ရေထက်ပင် နည်းနေခြင်း ဖြစ်ကြောင်းလည်း သိရသည်။

"ဒီငဟစ်ဝမ်းဖြူငှက်က ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာပဲ တွေ့ရတယ်။ သူက ဟိမဝန္တာ တောင်ကြောကြီးရဲ့ အရှေ့ပိုင်း ဘူတန်၊ မြန်မာ၊ အိန္ဒိယမှာပဲ အများဆုံးတွေ့ရတယ်" ဟု NSCI အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိမှတ်တမ်းတင် ရရှိခဲ့သည့် ငဟစ်ဝမ်းဖြူငှက်ကို NSCI အဖွဲ့ဝင် Phong San Dakawက ကချင်ပြည်နယ်တွင် မှတ်တမ်းရရှိ



ခဲ့ခြင်းဖြစ်ပြီး ငဟစ်ဝမ်းဖြူငှက်များသည် ဒေသခံများ၏ အစာအဖြစ် အမဲလိုက်မှုကို ခံနေရကာ ထိန်းသိမ်းစောင့်ရှောက်ရန် အရေးတကြီး လိုအပ်နေကြောင်းလည်း သိရသည်။

"အဓိကကတော့ သူတို့ရှင်သန်နေရတဲ့အန္တရာယ်တွေက အဖမ်းခံရပြီး အသားအတွက် အများဆုံးရောင်းချခံနေရတာပေါ့။ အခြားတိရစ္ဆာန်တွေလို နိုင်ငံခြားတင်ပို့ခံရတာတွေ ဘာတွေတော့ မရှိသေးဘူး။ အစားအတွက် ဒေသခံတွေက ဖမ်းတယ်။ ယခုနောက်ပိုင်းတော့ ကျွန်တော်တို့ဆီက NSCIက ဆရာသက်ဇော်နိုင် ပြောတာက အကောင် ၄၀ လောက်ပဲကျန်တယ်လို့ ပြောတယ်" ဟု ၎င်းက ဆိုသည်။ **MT**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ**



* *ကျောဖုံးမှ*

ရောက်ရှိလာရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး သောင်းထွန်းနှင့် တာဝန်ရှိသူများ၊ အမ်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများက ဝမ်းပန်းတသာကြိုဆိုကြသည်။

အဆိုပါ ကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များအား အမ်း - ပဒါန်း လမ်းတစ်လျှောက်တွင် AA အကြမ်းဖက်သောင်းကျန်းသူများကနည်းမျိုးစုံဖြင့်ပိတ်ဆို့နှောင့်ယှက်ခြင်းများ လုပ်ဆောင်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ပေးခဲ့သဖြင့် အမ်းမြို့သို့ အချိန်မီရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

အဆိုပါ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည့် ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ဂျုတ် စသည့်အခြေခံစားသောက်ကုန် ပစ္စည်းများကို ယနေ့မွန်းလွဲပိုင်းတွင် အမ်းမြို့ရှိ ရွှေအမ်းတောင်ခန်းမ၌ ဒေသခံပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ရာ တစ်ခဲနက် ဝယ်ယူအားပေးကြသည်။

အမ်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် အခြေခံစားသောက်ကုန်များအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

စာမျက်နှာ ၁၆ မှ

## အခြေခံပညာဦးစီးဌာန ၂၀၂၄ ခုနှစ်၊ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်သည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်-ဓာတုဗေဒ

ရက်စွဲ၊ ၃-၅-၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့်ရာခိုင်နှုန်း | ပျက်ကွက်ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၁ | ၁ | ၁ | ၄ | ၁ | ၅ | ၀ | ၁ | ၁ | ၄ | ၀ | ၄ | ၂၀.၀၀% | ၈၀.၀၀% | |
| ၂ | ကယား | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၈ | ၂၀ | ၂၉ | ၇ | ၁၇ | ၂၄ | ၁ | ၄ | ၅ | ၈၂.၇၆% | ၁၇.၂၄% | |
| ၅ | စစ်ကိုင်း | ၁ | ၁ | ၁ | ၂ | ၄ | ၆ | ၂ | ၂ | ၄ | ၀ | ၂ | ၂ | ၆၆.၆၇% | ၃၃.၃၃% | |
| ၆ | တနင်္သာရီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၇ | ပဲခူး(ရှေ့) | ၁ | ၁ | ၁ | ၀ | ၃ | ၃ | ၀ | ၃ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၉ | မကွေး | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၀ | မန္တလေး | ၃ | ၃ | ၃ | ၁၆ | ၂၇ | ၄၃ | ၁၀ | ၁၈ | ၂၈ | ၆ | ၉ | ၁၅ | ၆၅.၁၂% | ၃၄.၈၈% | |
| ၁၁ | မွန် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၁၀၉ | ၁၈၄ | ၂၉၃ | ၄၂ | ၈၀ | ၁၂၂ | ၆၇ | ၁၀၄ | ၁၇၁ | ၄၁.၆၄% | ၅၈.၃၆% | |
| ၁၃ | ရန်ကုန် | ၁ | ၁ | ၁ | ၃ | ၄ | ၇ | ၃ | ၄ | ၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၁ | ၁ | ၁ | ၁ | ၄ | ၅ | ၁ | ၄ | ၅ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၁၅ | ၃၃ | ၄၈ | ၁၂ | ၃၁ | ၄၃ | ၃ | ၂ | ၅ | ၈၉.၅၈% | ၁၀.၄၂% | |
| ၁၆ | ရှမ်း(ရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၇ | ဧရာဝတီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၈ | နေပြည်တော် | ၁ | ၁ | ၁ | ၁ | ၂ | ၃ | ၁ | ၂ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၂ | ၁၂ | ၁၂ | ၁၅၉ | ၂၈၃ | ၄၄၂ | ၇၈ | ၁၆၂ | ၂၄၀ | ၈၁ | ၁၂၁ | ၂၀၂ | ၅၄.၃၀% | ၄၅.၇၀% | |

## စိုက်ပျိုးမွေးမြူရေး၊ ဟိုတယ်၊ စားသောက်ဆိုင်နှင့် လျှပ်စစ်ပစ္စည်းပြပွဲ ပြုလုပ်မည်

**ရန်ကုန် မေ ၃**

စိုက်ပျိုးမွေးမြူရေး၊ ဟိုတယ်၊ စားသောက်ဆိုင်နှင့် လျှပ်စစ်ပစ္စည်းပြပွဲကို ရန်ကုန်မြို့တွင် ပြုလုပ်မည်ဖြစ်ကြောင်း Silver Sea ကုမ္ပဏီထံမှ သိရသည်။

အဆိုပါပြပွဲကြီးကို ဇွန် ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်တိုင်တိုင် မရမ်းကုန်းမြို့နယ် အင်းယားလိတ် ဟိုတယ်ဝင်းအတွင်းရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ - YCC Yangon Convention Centre ၌ ကျင်းပသွားမည်ဖြစ်ကာ ဝင်ကြေးအခမဲ့ဖြစ်ကြောင်း ကနဦးစီစဉ်ထားချက်အရ သိရသည်။

"ကျွန်တော်တို့လာမယ့် ဇွန်လ ၂၈၊ ၂၉၊ ၃၀ မှာ ပြပွဲတစ်ပွဲလုပ်ဖို့ ရှိပါတယ်။ အဓိက စိုက်ပျိုးမွေးမြူရေးပွဲ၊ ဟိုတယ်၊ စားသောက်ဆိုင်၊ ကဖေးပြပွဲ။ အဲဒါနဲ့တွဲပြီးတော့ လျှပ်စစ်နဲ့ စက်ပစ္စည်းပြပွဲပေါ့။ အဲဒါကတော့ ဆန်စက်တို့၊ ဆီစက်တို့၊ ဂျင်နရေတာတို့၊ ဆိုလာပါဝါတို့၊ လျှပ်စစ်တို့ ပါပါမယ်" ဟု ပွဲစီစဉ်သည့် Silver Sea တာဝန်ရှိသူတစ်ဦးက ပြောသည်။




၂၀၂၄ ခုနှစ် မတ်လတွင် Silver Sea Expo က ကျင်းပခဲ့သည့် ဆောက်လုပ်ရေးပြပွဲ၊ အိမ်ခြံမြေ အရောင်းပြပွဲ၊ ဆိုလာ၊ လျှပ်စစ်နှင့် EV အရောင်းပြပွဲကြီးကို တွေ့ရစဉ်။

အဆိုပါ ပြပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးမှ အခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ အသိပညာများ ရရှိနိုင်ခြင်း၊ ဟိုတယ်၊ စားသောက်ဆိုင်၊ ကဖေးဆိုင်များအတွက်လည်း အကျိုးကျေးဇူးများရရှိနိုင်ရန်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ စားသောက်ကုန်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး ထိုမှတစ်ဆင့် စက်ရုံအလုပ်ရုံနှင့်ပွဲရုံများသို့ရောက်ရှိကာ ကုန်ချောအဖြစ် ပြန်လည်ရောင်းချခြင်း ဖြစ်ပြီး အဆင့်ဆင့်တိုင်းတွင် လျှပ်စစ်လိုအပ်သည့်အတွက် ယခုကဲ့သို့ တစ်ပါတည်း ချိတ်ဆက်ပြသခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် မတ်လအတွင်းကလည်း မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအင်အတွက် လျှပ်စစ်နှင့် ပြန်ပြည့်မြဲစွမ်းအင်ပြပွဲ Myanmar Electrical Power & Green Energy Expo 2024 ကို မတ် ၂၉ ရက်မှ ၃၁ ရက်အထိ YCC Yangon Convention Centre ၌ ကျင်းပခဲ့ကြောင်း သိရသည်။

Thit Taw

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၃**

ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

❍ ကျော်ဖုံးမှ

မေလလယ်၊ လကုန်ပိုင်းတွင် ပိုဖြစ်လာနိုင်သည်ဟု သုံးသပ်ပြောကြားသည်။ "သင်္ကြန်ပြီးနောက်ပိုင်း လကုန်လောက်အထိကတော့ ပုံမှန်ပဲပေါ့။ လိုတဲ့သူတွေကဝယ်၊ ရောင်းမယ့်သူတွေက ရောင်းနေကြတယ်။ ဝယ်လိုအားလေးတွေလည်း ပိုဆင်းလာတယ်။ အရောင်းအဝယ်အကောင်းဆုံးဖြစ်တာမျိုးမဟုတ်ပေမယ့် အရောင်းအဝယ်ကတော့ ဖြစ်နေပါတယ်။ သင်္ကြန်က ဧပြီလတတိယအပတ်လောက်မှာပြီးတာ ဆိုတော့ အဲဒီဝန်းကျင်ကနဲ့စာရင် အခု မေလဆန်းမှာ ပိုဖြစ်လာတယ်လို့ ပြောရမှာပါ။ မေလဆန်းလောက်ကနေစပြီး အဝယ်လေးတွေ များလာရာကနေ မေလလယ်၊ လကုန်ပိုင်းလောက်ဆိုရင်တော့ ပိုစိပ်လာတာပေါ့။ နှစ်တိုင်းအမြင်နဲ့ ဈေးကွက်အရ ကျန်တဲ့ အမိန့်ကြေညာစာတွေ၊ ကြေညာချက်တွေ၊ ကပ်ရောဂါလိုရောဂါမျိုးတွေ၊ အခြားကိစ္စရပ်တွေ ထူးထူးခြားခြား အပြောင်းအလဲမရှိရင်တော့ ပုံမှန်လေးရောင်းကြ၊ ဝယ်ကြတာပေါ့။ အထူးသဖြင့် ကျောင်းဖွင့်ရာသီဆိုရင် အကုန်လုံး ပိုရောင်းကြ၊ ဝယ်ကြတော့ ပိုစိပ်လာတာပေါ့" ဟု ၎င်းက ဆိုသည်။

ထို့အတူ ကျောင်းဖွင့်ရာသီကာလဖြစ်သည့် ဇွန်လပိုင်းတွင်လည်း ကျောင်းကားအသုံးပြုရန် ဝယ်ယူကြ၊ ကားပြောင်းကြ အစရှိသဖြင့် ပြင်ကြဆင်ကြ၊ ဝယ်ကြပြီး ဈေးကွက်အတွင်း အရောင်းအဝယ် ပိုစိပ်လာကြောင်းလည်း ဦးကျော်စွာထွန်းမြင့်က ပြောသည်။

"ဇွန်လ လောက်ကျတော့ ကျောင်းဖွင့်တဲ့အချိန်မှာ သုံးဖို့ဝယ်တာတွေ၊ ကားတွေပြောင်းကြတာတွေ အစရှိသဖြင့် ပြင်ကြဆင်ကြ၊ ဝယ်ကြပြီး ဈေးကွက်အတွင်း အရောင်းအဝယ်ပိုစိပ်လာနိုင်တယ်။ ဒါက နှစ်တိုင်းဖြစ်နေကျ။ ဒီရာသီကျ ဒီလိုပဲသွားနေကြ။ အခုလည်း ကားမရောင်းရတဲ့ အခြေအနေတော့ မရှိဘူး။ အခုလည်း ခပ်စိပ်စိပ်လေးတော့ ရောင်းလာရပါတယ်။ ရောင်းလာရတဲ့ အကျိုးဆက်နှင့်အတူ ပြန်ဝယ်လာကြတာပေါ့။ အရင်ထက်စာရင်တော့ အရောင်းအဝယ်က ပိုစိပ်လာတယ်လို့ ပြောချင်ပါတယ်" ဟု ၎င်းက ဆိုသည်။

လက်ရှိ ကားဈေးကွက်တွင် အနိမ့်ဆုံး ၃၀၀၊ ၄၀၀ ဝန်းကျင်ကားများမှ စ၍ သိန်းထောင်ကျော်တန်ကားများအထိ ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

MT

# ကြို့ပင်ကောက်မြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်ပတ်သက်၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းဆောင်ရွက်

**ကြို့ပင်ကောက် မေ ၃**

မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် ပတ်သက်၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယမန်နေ့က ကြို့ပင်ကောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စမ်းသပ်မဲပေးခြင်း ဆောင်ရွက်နေမှုများကို ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲအရာရှိ ဒေါက်တာကျော်ကိုလတ် တက်ရောက် အားပေးသည်။

ရှင်းလင်း ဆွေးနွေးပွဲတွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးအရာရှိ ဒေါ်ရီရီစိုးက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အကြောင်း ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြသပြီး တက်ရောက်လာသူများက လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ပြီး မဲရလဒ်အဖြေများကို ထုတ်ပြန်ကြေညာရာ ဒေသခံပြည်သူများ၏ သိလိုသည့် အကြောင်းအရာများ၊ အကြံပြုပြောကြားချက်များကို တိုင်းဒေသကြီး ရွေးကောက်ပွဲအရာရှိနှင့် မြို့နယ် ရွေးကောက်ပွဲအရာရှိတို့က ရှင်းလင်းဖြေကြားသည်။

ကြို့ပင်ကောက် မြို့တွင် ယနေ့အချိန်အထိ နိုင်ငံရေးပါတီ ခြောက်ခု မှတ်ပုံတင်ထားရှိကြောင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၈၂၀၀၀ ကျော်ရှိကြောင်း ဒေသခံပြည်သူများအား MEVM စက်နှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် အသိပညာပေးအစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ သရုပ်ပြပွဲအခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင်ရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းဆောင်ရွက်

**နေပြည်တော် မေ ၃**

ပဲခူးတိုင်းဒေသကြီး နယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်းကို ဧပြီ ၂၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဇီးကုန်းမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၄ ခုမှ ပြည်သူ ၃၁၃ ဦး၊ နတ်တလင်းမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၈၄ ခုမှ ပြည်သူ ၃၄၄ ဦး စုစုပေါင်း ၆၅၇ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ် မဲပေးလေ့လာကြသည်။

ဦးစွာ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှု အဆင့်ဆင့်ကို ရှင်းလင်းပြသ ဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ် မဲပေးခဲ့ကြသည်။



နတ်တလင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးမှုကို တာဝန်ရှိသူများ လေ့လာကြစဉ်။

စမ်းသပ် မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲပေးခဲ့ရသည့် အတွေ့အကြုံများနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များ ပေးခဲ့ကြောင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်း အစီအစဉ်ကို ပဲခူးတိုင်းဒေသကြီး နယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ကမ္ဘာ့ကြက်ခြေနီနေ့
World Red Cross Day
"လူသားချင်းစာနာမှု အစဉ်ရှင်သန်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး"
"Keeping Humanity Alive"
၂၀၂၄ ခုနှစ်၊ မေလ (၈) ရက်

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသား သင်တန်းသူများ နေပြည်တော် MRTV တွင် လေ့လာ

**နေပြည်တော် မေ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (၁/၂၀၂၄) မှ သင်တန်းသား သင်တန်းသူ ၃၀ နှင့် ကြီးကြပ်သူနှစ်ဦးတို့သည် ယနေ့မွန်းလွဲပိုင်းက နေပြည်တော် – တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ရုပ်သံထုတ်လွှင့်မှုဆိုင်ရာများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်တို့တွင် လေ့လာကြသည်။

ဦးစွာ ပင်မအဆောက်အအုံရှိ Auditorium ခန်းမတွင် "နုပျိုဆန်းသစ် (၇၈)နှစ်မှသည် ပြည်သူ့အတွက် MRTV" Video Clip ကို ပြသပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့များသည် News Channel Studio နှင့် Radio On Air ခန်းတို့တွင် သတင်းရိုက်ကူး ထုတ်လွှင့်မှုတို့ကို ကြည့်ရှုလေ့လာကြပြီး Office Canteen တွင် လေ့လာရေးအဖွဲ့များကို လက်ဖက်ရည်နှင့် မုန့်တို့ဖြင့် ဧည့်ခံသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှု ပုံစံငယ်များ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်း ဓာတ်ပြားများနှင့် အခြားအသုံးအဆောင် ပစ္စည်းများ စသည့် စုစုပေါင်း ပြခန်း ၄၀ တွင် ခင်းကျင်း ပြသထားမှုများကို လှည့်လည်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။ **(အောက်ပုံ)**

ယင်းနောက် လေ့လာရေးအဖွဲ့များ၏ မှတ်သားဖွယ်ရာ အဖြေလွှာများ၌ ဖြည့်စွက်မှုများအား စိစစ်၍ပြည့်စုံစွာဖြေဆိုနိုင်သူ နှစ်ဦးအား အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့သည်။

**သတင်းစဉ်**



# နိုင်ငံရေးခြေကုန်ထုတ်လာမယ့် လီဗာပူးကို စပါးအသင်း ဟန့်တားနိုင်မလား

**ယခုတစ်ပတ်မှာ ပရီမီယာလိဂ်ပွဲစဉ် (၃၆) ကို ယှဉ်ပြိုင် ကစားသွားမှာဖြစ်ပြီး လီဗာပူးနဲ့ စပါးအသင်း ထိပ်တိုက်ဆုံတွေ့နေပါတယ်။ ပြိုင်ပွဲပြီးဆုံးဖို့ နီးကပ်လာလေလေ ဖလားဆွတ်ခူးရေး၊ ဥရောပဝင်ခွင့်ရရေး၊ တန်းမဆင်းရရေးအတွက် ပြိုင်ဆိုင်မှုပြင်းထန်လာလေလေ ဖြစ်တာကြောင့် စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။**

### ဘရိုက်တန်နှင့်ဗီလာ

နှစ်သင်းကြား ရမှတ်ကွာဟမှုမှာ ဗီလာအသင်းက သိသိသာသာ သာလွန်မှုရှိတဲ့အပြင် လတ်တလောခြေစွမ်းမှာလည်း ဗီလာအသင်းက သာလွန်မှုရှိတာတွေ့ရတယ်။ ဘရိုက်တန်အသင်းက နောက်ဆုံးငါးပွဲမှာ နိုင်ပွဲပျောက်ဆုံးထားပြီး နှစ်ပွဲသရေနဲ့ သုံးပွဲအထိ ရှုံးနိမ့်ထားတယ်။ ဥရောပဝင်ခွင့်ရဖို့ ကြိုးစားလာမယ့် ဗီလာအသင်း ရလဒ်ကောင်း ရရှိမယ်။

### ချယ်ဆီးနှင့် ဝက်စ်ဟမ်း

ချယ်ဆီးက ဒီပွဲစဉ်မတိုင်ခင် မန်စီးတီး၊ အာဆင်နယ်၊ ဗီလာ၊ စပါးစတဲ့ အသင်းကြီးတွေနဲ့ တွေ့ဆုံထားပြီး တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ နှစ်ပွဲရှုံး ရလဒ်ထွက်ပေါ်ထားတယ်။ ပြိုင်ဘက် ဝက်စ်ဟမ်းက ဒီပွဲစဉ်မတိုင်မီ ကစားခဲ့တဲ့ နောက်ဆုံးငါးပွဲမှာ နိုင်ပွဲပျောက်ဆုံးထားပြီး နှစ်ပွဲသရေနဲ့ သုံးပွဲအထိ ရှုံးနိမ့်ထားတယ်။ ရရှိလာတဲ့ အခွင့်အရေးကို ဂိုးအဖြစ်ပြောင်းလဲနိုင်တဲ့အသင်း နိုင်ပွဲရရှိမယ်။

### လီဗာပူးနှင့် စပါး

ယခင်ပွဲစဉ်တွေမှာ ရမှတ်ဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့လို့ ဖလားဆွတ်ခူး ရေးမျှော်လင့်ချက်မှေးမှိန်ခဲ့ရပြီလို့ ဆိုနိုင်သော်လည်း စပါးအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံမှုမှာတော့ နိုင်ပွဲရရေးအတွက် လီဗာပူးအသင်း ခြေကုန်ထုတ်လာမှာ သေချာတယ်။ လီဗာပူးအသင်းအနေနဲ့ ပုံမှန်ထက် လုပ်အားနှုန်းကျဆင်းခဲ့ရင် ပေးဆပ်မှုကြီးမားပြီး မထင်မှတ်ဘဲ ရှုံးနိမ့်သွားနိုင်တယ်။

### ခရစ္စတယ်ပဲလေ့စ်နှင့်မန်ယူ

အသင်းငယ်တွေနဲ့ တွေ့ဆုံတိုင်း ရုန်းကန်ရလေ့ရှိတဲ့ မန်ယူ ဒီပွဲစဉ်မှာလည်း ပဲလေ့စ်ကို ခက်ခက်ခဲခဲကစားရဖွယ် ရှိတယ်။ သို့သော်လည်း ဥရောပဝင်ခွင့်ရဖို့ ဒီပွဲစဉ်ကို မန်ယူအသင်း မဖြစ်မနေ နိုင်ပွဲရရေး ခြေကုန်ထုတ်လာမှာပါ။ အနိုင်ဆိုရင်တော့ မန်ယူပါပဲ။

**အောင်ဇော်**

သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းပြေ၏

# ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ကျင်းပ

**ရန်ကုန်  မေ ၃**

(၃၁) ကြိမ်မြောက် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံးခန်းမ၌ ယနေ့နံနက် ၁၀နာရီက ကျင်းပပြုလုပ်သည်။ အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ကောင်စီဝင်များ၊ သတင်းမီဒီယာများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပေးပို့သော သဝဏ်လွှာကို သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာက ဖတ်ကြားသည်။(ယာပုံ) ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က အဖွင့်နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ယင်းနောက် သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဦးမျိုးထွန်း (မောင်စိမ်းနောင် - လယ်ဝေး) က "သတင်းလွတ်လပ်ခွင့်နှင့် သတင်းမီဒီယာသမားတို့၏တာဝန်" ခေါင်းစဉ်ဖြင့် ကမ္ဘာ့သတင်း လွတ်လပ်ခွင့်နေ့ဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# သီပေါမြို့နယ်၌ မိုးသက်လေပြင်းတိုက်ခတ် ရပ်ကွက်ကျေးရွာများမှ နေအိမ်များပျက်စီးပြီး သစ်ပင်ပြိုလဲ

**သီပေါ မေ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ ယနေ့ညနေပိုင်းက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မြန်မာရပ်၊ ဈေးရပ်၊ မြို့လယ်ရပ်နှင့် နောင်အန်ကျေးရွာ၊ ရွာသစ်ကျေးရွာတို့တွင် နေအိမ် ၁၂ လုံးနှင့်



ဘဏ္ဍာဘုန်းတော်ကြီးကျောင်း၊ မတ္တရာဘုန်းတော်ကြီးကျောင်းတို့မှာ အမိုးလန်ကာ ပျက်စီးသွားကြောင်း သိရသည်။

ထို့ပြင် ဇာတ်စုရပ်ကွက် သီပေါ - နမ္မတူ သွားကားလမ်းပေါ်တွင် လုံးပတ် ၅ ပေ၊ အမြင့် ၃၅ ပေရှိ သက်တမ်းရင့် ညောင်ကြပ်ပင်ကြီးမှာ လေပြင်းတိုက် မိုးရွာသွန်းမှုကြောင့် လမ်းမပေါ်သို့ လဲကျကာ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့ရာ သီပေါမီးသတ်တပ်ဖွဲ့စခန်းမှ ဦးစီးအရာရှိ ဦးအောင်ကြည်ထွန်း ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့က ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့၊ နယ်စည်းမခြားပရဟိတ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ပူးပေါင်း၍ လဲကျနေသော သစ်ပင်ကြီးကို ခုတ်ထွင်ရှင်းလင်းပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးသဖြင့်(ဝဲပုံ) လမ်းသွားလမ်းလာများ သွားနိုင်ပြီဖြစ်သည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော လူနေအိမ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် ရပ်/ကျေး အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## သဘာဝဘေးဖြစ်စဉ် သတင်းများ

### ကျောက်တလုံးကြီး

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့၌ ယမန်နေ့ညက လေပြင်းတိုက်ခတ်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မွေတော်ကက္ကူဘုရားဝင်းအတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် အရံစေတီ ခြောက်ဆူမှာ ထီးတော်မြေခခြင်း၊ ယိမ်းယိုင်ခြင်း ဖြစ်ပွားခဲ့သည်။

မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက လူနေအိမ်ပျက်စီးမှုအခြေအနေများကို ဆက်လက်စစ်ဆေးရာ ကက္ကူကျေးရွာရှိ နေအိမ်တစ်လုံး၊ ဟမ်းဖို့ပေကျေးရွာရှိ နေအိမ်ငါးလုံး၊ ဂနိုင်ထော့ကျေးရွာရှိ နေအိမ်တစ်လုံး၊ နမ့်ဖေးကျေးရွာရှိ နေအိမ်သုံးလုံးတို့မှာ ခေါင်မိုးသွပ်ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဇော်နိုင်လင်း(ပြန်/ဆက်)**

### ကျောက်ပန်းတောင်း

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ မေ ၃ ရက် နံနက် ၅ နာရီခွဲခန့်က မိုးသက်လေပြင်းများ ကျရောက်မှုကြောင့် ခပေါင်းကုန်းကျေးရွာအုပ်စုရှိ တံခွန်တိုင်ကျေးရွာနှင့် ဂဲကြီးကုန်းကျေးရွာများမှ နေအိမ် လေးလုံးနှင့် ခပေါင်းကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ အလျား ပေ ၃၀၊ အနံ ပေ၂၀၊ အမြင့် ၁၈ ပေ ရှိ စာသင်ဆောင်မှ ၁၄ ပေ သွပ် ၁၅ ချပ် အမိုးလန်ပျက်စီးခဲ့ကြောင်းနှင့် ညောင်တိုကျေးရွာအုပ်စု အတာဥသျှစ်ကုန်းကျေးရွာမှ နေအိမ်သုံးလုံးတို့ အမိုးလန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

### မိုးကောင်း

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမှော်ကျေးရွာတွင် ယမန်နေ့ နံနက် ၁၀ နာရီခွဲခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများ တိုက်ကာ မိုးကြိုးပစ်ခံရသောကြောင့် ဆားမှော်ရပ်ကွက်(၅)တွင် နေထိုင်သော ဒေါ်ကပ်ထု၏ နွား ၂၂ ကောင်သည် ဆားမှော်အရှေ့ဘက်လယ်ကွင်းထဲရှိ ဒေသအခေါ် ဆူးနိမ့်ကွင်းသဖန်းပင်အောက်၌ မိုးခိုလှုံနေချိန် မိုးများရွာသွန်းပြီး လေပြင်းများတိုက်ကာ မိုးကြိုးပစ်ခံရသဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**လှိုင်ဘွား(ဗန်းမော်)**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၅ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၀၀ ကျပ် | ၂၄၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၅၀ ကျပ် | ၂၅၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၈၃၅ ကျပ် | ၂၉၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၉၄၅ ကျပ် | ၃၀၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၉၀၀ | ၁၃ | ၁၁၄၉၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၅၇၀၀ | ၁၆၂၄၇၅၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၅ | ၃၉၅၀၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၈၇၇၇ | ၁၃၁၇၇၁၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၂၀၅၀ | ၂၀၅၀ | ၂၉၁၇ | ၅၉၇၉၈၅၀ |

(၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး

# သိမှတ်စရာအသွယ်သွယ် မီးဘေးအန္တရာယ်နှင့် မီးသတ်ဆေးဘူးများအကြောင်း

## ဒေါက်တာလပြည့်ခင်

မီးလောင်မှုတစ်ခုဖြစ်ပွားသည့်အခါ တာဝန်အရှိဆုံးနှင့် သက်စွန့်ဆံဖျား ဆောင်ရွက်နေသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာနတစ်ခုဖြစ်သည့် မီးသတ်ဦးစီးဌာန(Fire Services Department–FSD) ဖြစ်ပါသည်။ မီးသတ်ဦးစီးဌာနအနေဖြင့် ဝန်ကြီးဌာနမှ ချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းလမ်းညွှန်မှုများနှင့်အညီ ဌာန၏ ရည်မှန်းချက်တာဝန်(၄)ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးလုပ်ငန်းတို့ကို စနစ်တကျ လေ့ကျင့်ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် မီးလောင်မှုဖြစ်ပွားပါက ဘေးအန္တရာယ်ကျရောက်မှုမှာလည်း ပိုမိုမြင့်မားသည့်အတွက် မီးငြိမ်းသတ်ရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို **“မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်”** ဆောင်ပုဒ်အတိုင်း မီးသတ်တပ်ဖွဲ့ဝင်များက တာဝန်ယူဆောင်ရွက်နေသလို ပြည်သူလူထုအားလုံးကလည်း မီးသတ်ဆေးဘူးအသုံးဝင်ပုံကို သိရှိနားလည်သဘောပေါက်ရန် လိုအပ်လှပေသည်။

မီးလောင်ကျွမ်းမှုပုံစံအမျိုးမျိုးရှိသည့်အတွက် အသုံးပြုသည့်မီးသတ်ဆေးဘူးအမျိုးမျိုးရှိသည်ကို တွေ့ရမည်ဖြစ်သည်။ တစ်မျိုးစီတိုင်းတွင် မီးလောင်မှုကို ထိရောက်သော ကာကွယ်မှု၊ လုံခြုံစိတ်ချရမှု၊ ပြန်လည်ဖြည့်တင်းနိုင်သော ပါဝင်ပစ္စည်းတို့ဖြင့် တည်ဆောက်ထားသည်ကို တွေ့နိုင်သည်။ အသုံးပြုသူတို့သည် မိမိတို့လုပ်ငန်းခွင်နှင့် နေထိုင်ရာတို့တွင် မမျှော်လင့်ဘဲ ဖြစ်ပေါ်နိုင်သော မီးဘေးအန္တရာယ်ကို ကာကွယ်နိုင်ရန် ရုတ်တရက် အသုံးပြုရမည့် မီးသတ်ဆေးဘူးများကို နေရာမှန်ကန်စွာနှင့် အမျိုးအစားမှန်ကန်စွာ အသုံးချတတ်ရန် အရေးကြီးပေသည်။

မီးလောင်ကျွမ်းမှုအမျိုးမျိုးကို ၎င်းတို့လောင်ကျွမ်းမှုပေါ်မူတည်၍ အမျိုးအစားခြောက်မျိုး ခွဲခြားနိုင်ပါသည်။ မီးသတ်ဆေးဘူး တစ်မျိုးတည်းဖြင့် မီးလောင်မှုအမျိုးမျိုးကို ကောင်းမွန်စွာ ထိန်းချုပ်ငြိမ်းသတ်နိုင်မည် မဟုတ်ပေ။ မီးသတ်ဆေးဘူးတစ်မျိုးစီတိုင်းတွင် ပုံစံမတူသော မီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်သော ကွဲပြားသည့် ပါဝင်ပစ္စည်းများနှင့်အတူ လုံခြုံစိတ်ချမှုရှိစေရန် ဖွဲ့စည်းတည်ဆောက်ထားသည်။ ၎င်းတို့၏ အမည်၊ အရောင်၊ အဓိပ္ပာယ်သတ်မှတ်ချက်တို့ကို လိုက်၍ ခွဲခြားထားသည်ကို တွေ့ရသည်။

### မီးလောင်ကျွမ်းမှု အမျိုးအစားခြောက်မျိုး

မိမိအဆောက်အအုံ လုံခြုံစိတ်ချရစေရန် သင့်တော်သော မီးသတ်ဆေးဘူးအမျိုးအစားကို ရွေးချယ်သိရှိရမည်ဖြစ်သည်။ ယေဘုယျအားဖြင့် မီးလောင်ကျွမ်းမှု အမျိုးအစားခြောက်မျိုးရှိကြောင်း ဖော်ပြလိုပါသည်–

**Class A** မီးတောက်လွယ်သောပစ္စည်းများဖြစ်သည့် သစ်သား၊ ပလတ်စတစ်၊ စက္ကူ၊ ချည်မျှင်နှင့်အထည်များ၊ အသီးအနှံအစေ့အဆန်မှုန့်တို့ လောင်ကျွမ်းခြင်းဖြစ်သည်။

**Class B** မီးတောက်လွယ်သောအရည်များဖြစ်သည့် ရေနံနှင့် ရေနံထွက်ပစ္စည်းများ (ဥပမာ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ကတ္တရာစေး၊ ဆီနှင့် ပြုလုပ်ထားသောသုတ်ဆေး၊ အရက် စသည်တို့) လောင်ကျွမ်းခြင်းဖြစ်သည်။

**Class C** မီးတောက်လွယ်သော ဓာတ်ငွေ့များဖြစ်သည့် မီသိန်း၊ ပရိုပိန်း၊ ဗြူတိန်း ဓာတ်ငွေ့ အစရှိသည်တို့ လောင်ကျွမ်းမှုဖြစ်သည်။




မီးသတ်ဆေးဘူး အမျိုးအစား ငါးမျိုး။

**Class D** ဓာတ်သတ္တုများလောင်ကျွမ်းမှုမှ ဖြစ်ပေါ်လာသော မီးလောင်မှု (တိုက်တေနီယမ်၊ မဂ္ဂနီဆီယမ်၊ ဆိုဒီယမ်၊ ပိုတက်ဆီယမ်၊ အလူမီနီယမ်သတ္တုများအစရှိသည်) တို့ ဖြစ်သည်။

**Class E** လျှပ်စစ်မီးလောင်မှုဖြစ်သည်။ အင်အားပြင်းလျှပ်စစ်နှင့် ဆက်စပ်ပစ္စည်းများ (ဥပမာ– ကွန်ပျူတာ၊ မော်တာ၊ ထရန်စဖော်မာများ) လောင်ကျွမ်းမှုဖြစ်သည်။

**Class F** ချက်ပြုတ်ရာတွင် အသုံးပြုသော ဟင်းရွက်ဆီ၊ အသားဆီတို့ လောင်ကျွမ်းရာမှထွက်ပေါ်လာသော မီးလောင်ကျွမ်းမှု (နေကြာဆီ၊ သံလွင်ဆီ၊ ပြောင်းဆီ၊ ထောပတ်နှင့် အသားအဆီများ)။

မည်သို့သော လောင်ကျွမ်းမှုမျိုးဖြစ်ပါစေ ဖြစ်ပေါ်ပါဝင်မှု သုံးမျိုးနှင့် မီးလောင်သည်ကို တွေ့နိုင်သည်။ ၎င်းတို့မှာ လောင်ကျွမ်းခြင်းဖြစ်စေသောလောင်စာ (Fuel)၊ လုံလောက်သောအပူ (Sufficient Heat)၊ အောက်ဆီဂျင် (Oxygen)တို့ဖြစ်သည်။ အိမ်သုံးမီးသတ်ဆေးဘူးများတွင် အထက်ပါသုံးမျိုးမှ တစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပိုသော ပါဝင်ပစ္စည်းများကို ဖယ်ရှားပေးနိုင်သော အရည်အသွေးရှိသည်ကို တွေ့ရသည်။ မီးလောင်ကျွမ်းမှုတိုင်းသည် လောင်ကျွမ်းမှုအမျိုးအစားမတူညီကြပေ။ လောင်စာအမျိုးအစားပေါ်မူတည်ပြီး မီးလောင်ကျွမ်းမှုအမျိုးမျိုးပြောင်းလဲနိုင်၍ ၎င်းတို့အနေအထားနှင့် သင့်လျော်သော မီးသတ်ဆေးဘူးကို အသုံးပြုမှသာ ထိရောက်မှုရှိမည်ဖြစ်သည်။

ဥပမာအားဖြင့် Class A ကဲ့သို့ ကာဗွန်မီးလောင်ကျွမ်းမှုသည် ရေဖြင့်ငြိမ်းသတ်နိုင်သော်လည်း Class E ကဲ့သို့ လျှပ်စစ်ဆက်စပ်ပစ္စည်းများလောင်ကျွမ်းရာတွင် ရေဖြင့် ငြိမ်းသတ်၍ မရနိုင်ပေ။ ရေသည် လျှပ်စစ်စီးကူးနိုင်၍ လူကိုအန္တရာယ်ဖြစ်နိုင်သည်။ မီးသတ်ဆေးဘူးအမျိုးအစားများနှင့် ယင်းတို့အသုံးပြုပုံကို အောက်ပါအတိုင်း ဆက်လက်ဖော်ပြလိုက်ပါသည်။ (၁) ရိုးရိုးမီးသတ်ဆေးဘူး၊ (၂) ဆီမီးသတ်ဆေးဘူး၊ (၃) အငွေ့ပြန်လွယ်သော မီးသတ်ဆေးဘူး၊ (၄) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူး၊ (၅) ကာဗွန်ဒိုင်အောက်ဆိုဒ်မီးသတ်ဆေးဘူးဟု ငါးမျိုးရှိပါသည်။

> **မီးလောင်ကျွမ်းမှုအမျိုးမျိုးကို ၎င်းတို့လောင်ကျွမ်းမှုပေါ်မူတည်၍ အမျိုးအစားခြောက်မျိုး ခွဲခြားနိုင်ပါသည်။ မီးသတ်ဆေးဘူးတစ်မျိုးတည်းဖြင့် မီးလောင်မှုအမျိုးမျိုးကို ကောင်းမွန်စွာ ထိန်းချုပ်ငြိမ်းသတ်နိုင်မည် မဟုတ်ပေ။ မီးသတ်ဆေးဘူးတစ်မျိုးစီတိုင်းတွင် ပုံစံမတူသော မီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်သော ကွဲပြားသည့်ပါဝင်ပစ္စည်းများနှင့်အတူ လုံခြုံစိတ်ချမှုရှိစေရန် ဖွဲ့စည်းတည်ဆောက်ထားသည်။ ၎င်းတို့၏ အမည်၊ အရောင်၊ အဓိပ္ပာယ်သတ်မှတ်ချက်တို့ကိုလိုက်၍ ခွဲခြားထားသည်ကို တွေ့ရသည်**

### ရေအသုံးပြုမီးသတ်ဆေးဘူး (Water Extinguisher)

၎င်း၏ Label Color သည် အနီရင့်ရောင်ဖြစ်သည်။ မီးတောက်ကို ဖိအားသုံး၍ ရေနှင့်ဖျန်းသတ်သည့် ပစ္စည်းဖြစ်သည်။ ရေမီးသတ်ဆေးဘူးသည် Class A (စက္ကူ၊ သစ်သားလောင်ကျွမ်းခြင်း) တစ်မျိုးတည်းအတွက်သာနိုင်သော်လည်း အခြားမီးလောင်မှုများတွင် မီးလောင်သည့် လောင်စာအမျိုးအစားပေါ်မူတည်၍ အသုံးပြုနိုင်ပါသည်။ ထိုဆေးဘူးတွင် တစ်ခါတစ်ရံ ဓာတုပစ္စည်းများ ထပ်ပေါင်းထည့်ပြီး အသုံးပြုခြင်းဖြင့် ၃၀ ရာခိုင်နှုန်းထက်ပိုသော ထိရောက်မှုကို ရစေသည်။ ယင်းကိုအသုံးပြုစဉ်မှာ ဖြည့်စွက်ဓာတုပစ္စည်းသည် ရေပေါ်ရှိ သဘာဝမျက်နှာပြင်တင်းအားကို လျော့ကျစေပြီး မီးလောင်ပစ္စည်းထဲသို့ စိမ့်ဝင်ခြင်းဖြင့် ပိုမိုထိရောက်သော ကာကွယ်မှုကို ဖြစ်စေခြင်းဖြစ်သည်။

ထို့ကြောင့် ရိုးရိုးရေသုံးမီးသတ်ခြင်းသည် Class A အတွက် အကောင်းဆုံးဖြစ်ပြီး အခြားသော မီးလောင်မှုအတန်းအစားများကိုလည်း ကာကွယ်ပေးနိုင်ပါသည်။ မီးငြိမ်းမှုကိုထိရောက်စေ၍ အသုံးပြုသူကိုလည်း လုံခြုံမှုရစေသည်။ အပူကိုလျှော့ချပေးပြီး မီးငြိမ်းစေကာ မီးလောင်ပြီးကျန်ရှိသည့် အပူအကြွင်းအကျန်များကို ရှင်းလင်းရာတွင်လည်း အခက်အခဲမဖြစ်နိုင်ပေ။ ရေသုံးမီးသတ်ဆေးဘူးများကို သစ်သား သို့မဟုတ် အပင်ထွက်ပစ္စည်းနှင့် တည်ဆောက်သော ရုံး၊ ကျောင်း၊ ဆေးရုံ၊ အိမ်ရာ၊ ကုန်လှောင်ရုံအဆောက်အအုံများတွင် အသုံးပြုငြိမ်းသတ်နိုင်ပါသည်။

### အမြှုပ်သုံးမီးသတ်ဆေး (Foam Extinguisher)

Class B ကဲ့သို့ မီးတောက်လွယ်သော Hydrocarbon များဖြစ်သည့် ဓာတ်ဆီ၊ ဒီဇယ်ဆီ စသည့်ပစ္စည်းများတွင် အသုံးများသည်။ ရေအခြေခံထားသည့် အမျိုးအစားဖြစ်၍ Class A တွင်လည်း သုံးနိုင်သည်။ အမြှုပ်သုံးမီးသတ်ဆေးသည် လောင်စာပေါ်တွင် အေးမြသောသက်ရောက်မှုကို ရရှိစေသည်။ အရည်များလောင်ရာတွင် အမြှုပ်များသည် မီးတောက်နှင့် လောင်စာကြားတွင် အတားအဆီးအဖြစ် ဖန်တီး၍ မီးကိုငြိမ်းစေသည်။ မီးလောင်လွယ်သောအရည်များ သိုလှောင်သည့် သိုလှောင်ကန်များတွင် အသုံးပြုရမည်ဖြစ်သည်။

### ဓာတုဗေဒပေါင်ဒါမှုန့်ခြောက်မီးသတ်ဆေးဘူး (Dry Chemical Powder Extinguisher)

၎င်း၏ Label Color သည် အပြာရောင်ဖြစ်သည်။ မီးအတန်းအစားအားလုံး ငြိမ်းသတ်နိုင်ပြီး လောင်ကျွမ်းရာတွင် Oxygen ကို လျော့ကျစေကာ လောင်ကျွမ်းခြင်းကို ရပ်တန့်စေနိုင်သည်။ ထိုအမှုန့်သည် Monoammonium Phosphate ဟူသော မှုန့်ညက်သည့် ဓာတုပစ္စည်းနှင့် ဖွဲ့စည်းထားသည်။ ထိုအရာသည် မီးကိုငြိမ်းစေသည်။ သို့သော် အပူချိန်ကျန်ရှိနေသည်ကို သတိပြုရပေမည်။

*စာမျက်နှာ ၂၁ သို့*

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ထုတ်လုပ်သည့် ရေနံဓာတ်ငွေ့ရည်များကို အောက်ဖော်ပြပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ရေနံဓာတ်ငွေ့ရည် လုပ်ငန်း) Type – A , B, C, D, F လက်ဝယ်ရှိသူများ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းရုံးချုပ်၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | အမျိုးအမည် | ပမာဏ (တန်) | စုစုပေါင်း ပမာဏ (တန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|---|
| | | | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| သံပရာကန် | ပရိုပိန်း | ၅၀ | ၂၅၀ (1 Lot) | ၂၁-၅-၂၀၂၄ | ၁၂:၀၀ | ၂၁-၅-၂၀၂၄ | ၁၄:၀၀ |
| | ဗြူတိန်း | ၂၀၀ | | | | | |

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း၊ ၀၆၇-၃၄၁၁၁၉၄၊ ၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## တည်ဆောက်ရေးအဖွဲ့ (၄)၊ ရန်ကုန်မြို့၊ တံတားအထူးအဖွဲ့ (၄)၊ မန္တလေးမြို့နှင့် တံတားအထူးအဖွဲ့ (၁၂)၊ ရွှေညောင်မြို့
## အမှတ်စဉ် (၁/၂၀၂၄-၂၀၂၅) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၄)၊ ရန်ကုန်မြို့၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့နှင့် တံတားအထူးအဖွဲ့(၁၂)၊ ရွှေညောင်မြို့တို့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ရှမ်းပြည်နယ်(တောင်ပိုင်း/အရှေ့ပိုင်း)အတွင်းရှိ တံတားလုပ်ငန်းများအတွက် လိုအပ်သောတည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်အရောက်ဝယ်ယူခြင်း၊ စက်/ယာဉ်ယန္တရားများငှားရမ်းခြင်း သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းတို့ကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းများ ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တည်ဆောက်ရေး အဖွဲ့(၄) ရန်ကုန်မြို့၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့ (၄)၊ မန္တလေးမြို့ နှင့် တံတားအထူးအဖွဲ့ (၁၂) ၊ ရွှေညောင်မြို့။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၇-၅-၂၀၂၄ရက် ( ရုံးချိန်အတွင်း)
၃။ **တင်ဒါပုံစံပိတ်မည့်ရက်/အချိန်** - ၂၀-၅-၂၀၂၄ရက် (၁၆:၀၀) နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၁-၅-၂၀၂၄ ရက် (၀၉:၃၀) နာရီ
၅။ **တင်ဒါဖွင့်မည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့

အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များနှင့် သတင်းအချက်အလက်များကို အသေးစိတ်သိရှိလိုပါက တည်ဆောက်ရေးအဖွဲ့(၄)၊ ရန်ကုန်မြို့ (ဖုန်း) ၀၉-၄၂၂၄၆၁၈၁၅ ၊ တံတားအထူးအဖွဲ့ (၄)၊ မန္တလေးမြို့(ဖုန်း)-၀၉-၇၈၁၃၀၀၄၀၉၊ ၀၉-၂၅၁၇၆၉၂၂၃ နှင့် တံတားအထူးအဖွဲ့ (၁၂)၊ ရွှေညောင်မြို့ (ဖုန်း)၀၈၁-၄၅၄၂၀၊ ၀၉-၂၆၇၀၄၂၆၇၀၊ ၀၉-၄၂၀၀၇၈၁၁၆ တို့သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အမည်ပြောင်း

ပြည်မြို့၊ ရွာဘဲနယ်မြေဒေါနခြံရပ်ကွက်နေ ဦးမင်းနိုင်ထွန်း ၈/ခမန(နိုင်)၀၀၁၇၅၈ ၏သမီးပြည်မြို့ "Sacred Heart" ကိုယ်ပိုင်အလယ်တန်းကျောင်း Grade-5 မှ မရှင်းသန့်ဝါဝါမင်းအား မရှင်းသန့်မှူးသာဟု ပြောင်းလဲခေါ်ဆိုပါရန် ။ **မရှင်းသန့်မှူးသာ**

## အမည်ပြောင်း

(ဘ)ဦးသူရအောင် ၏သား မြိတ်မြို့၊ မြင်းမိုရ်ကိုယ်ပိုင် အထက်တန်းကျောင်းမှ Grade-3 အောင် မောင်သုနှိုင်းထက် အား မောင်ကောင်းနှိုင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ ဇီးဖြူကုန်းရပ်ကွက်နေ (ဘ) ဦးနော်အောင်၏ သမီး မခွမ်တောင် သည် နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် ကျောင်းဝင်အမှတ်အရ မခေါင်န်တောင်ဖြစ်ပြီးအိမ်ထောင်စုစာရင်းအရ မခွမ်တောင်ဖြစ်နေပါသောကြောင့် မခွမ်တောင်ဟု အမည်ပြောင်းလည်းခေါ်ဆိုရန်ဖြစ်ပါကြောင်း။ **မခွမ်တောင်**

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ စခန်းကြီးကျေးရွာအုပ်စု၊ ကုန်းမြင့်သာယာကျေးရွာရှိ ဒိုင်းမွန်းပါရာဝုဒ် ကုမ္ပဏီလီမိတက်၊ ပိုင်ရှင်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် Mr.CHAU FONG CHEUNG (Passport no;KJ0607980)၏တရားဝင်လွှဲအပ်ညွှန်ကြားချက်အရအများသိစေရန်ကြေညာချက် ပြုလုပ်သည်မှာ-

Mr.CHAU FONG CHEUNG (Passport no; KJ 0607980) မှ သံဖြူဇရပ်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၁၃-၈-၂၀၁၉)ရက်၌ ပြုလုပ်ထားသော Reg.No-64.2019ဖြင့် ဦးထွန်းထွန်းစိုး ၉/မကန(နိုင်)၁၀၀၂၉၄ အမှတ်-၂ အနီယာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူအပေါ် အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ထားခြင်းအား ယနေ့ဤသတင်းစာတွင် ဖော်ပြပါရှိသည့်ရက်မှစ၍ အထွေထွေကိုယ်စားလှယ် လွှဲစာလွှဲအပ်ထားရန် ဆန္ဒမရှိတော့ပါသဖြင့် တရားဝင်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်းနှင့် ဦးထွန်းထွန်းစိုးမှာ ဒိုင်းမွန်းပါရာဝုဒ် ကုမ္ပဏီလီမိတက်၏ အထွေထွေမန်နေဂျာ ဝန်ထမ်းတစ်ဦးဖြစ်၍ Mr.CHAU FONG CHEUNG မှ အထွေထွေ ကိုယ်စားလှယ်လွှဲစာလွှဲအပ်ကာ လုပ်ငန်းကိစ္စများ ဆောင်ရွက်စေခဲ့သော်လည်း (၁၀-၄-၂၀၂၄)ရက်တွင် ဦးထွန်းထွန်းစိုးမှ အဆိုပါကုမ္ပဏီဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ထားပြီးဖြစ်ပါ၍ ၎င်းကုမ္ပဏီမှ ထုတ်ပယ်လိုက်သော ၁၀-၄-၂၀၂၄ရက်မှစ၍ နောက်ပိုင်းကိစ္စရပ်များမှာ Mr.CHAU FONG CHEUNGနှင့် သော်လည်းကောင်း၊ ဒိုင်းမွန်းပါရာဝုဒ်ကုမ္ပဏီလီမိတက်နှင့်သော်လည်းကောင်း သက်ဆိုင်ခြင်း မရှိတော့ပါကြောင်းနှင့် မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
Mr.CHAU FONG CHEUNG
(Passport no; KJ 0607980)

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဟန်စည်သူ(LL.B,D.B.L,D.I.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၅၅)
(၃၀-၈-၂၀၁၆)
ဒေါ်အိသဲဖြူ(LL.B)
အထက်တန်းရှေ့နေ(၅၂၈၃၂)
အမှတ်(၆၈)၊ ပျဉ်ထောင်တန်းရပ်၊ ကျိုက်ဖနဲလမ်း၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့။
ဖုန်း-၀၉-၈၇၆၇၈၄၃၀၈

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/80025 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်သူ ၇/တဝန(နိုင်)၁၅၇၅၈၈၈(ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော် ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် (70W/31672) Honda-100 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co;Ltdမှ ကမ-၃ ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်(၄ယ/၃၂၀၉၇) Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုလှိုင် (၁၃/လရန (နိုင်) ၀၉၆၄၃၁) မှ ကမ-၃ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး(မကွေး)**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## သင်ကြားရေးဆေးရုံကြီး-မကွေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့တွင် တက်ရောက်ကုသ လျက်ရှိသော လူနာများအား ကုသပေးရန်အတွက်လိုအပ်သော ဆေးဝါးများ၊ Speciality ဆေးဝါးများဝယ်ယူရန်နှင့် ခွဲစိတ်ခန်းသုံးနှင့် ဓာတ်မှန်ခန်းသုံး ပစ္စည်းများ၊ Oxygen/ Liquid Oxygen အပါအဝင် Basic Consumable များ Consumable For Speciality များကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ စတင်ထုတ်ယူရမည့်ရက်** - (၆-၅-၂၀၂၄)ရက် ( တနင်္လာနေ့)
၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - (၃၀-၅-၂၀၂၄)ရက် (ကြာသာပတေးနေ့) မွန်းတည့်(၁၂:၀၀)နာရီတိတိ
၄။ တင်ဒါလျှောက်လွှာများကို သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့တွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။
၅။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပစ္စည်းစာရင်း အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်တွင် အောက်ပါလိပ်စာတွင်လာရောက်စုံစမ်းနိုင်ပါသည်။ (ဆေးရုံအုပ်ကြီးရုံး၊ သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့၊ ဖုန်း-၀၉-၄၀၁၅၉၅၉၉၀၊ ၀၉-၆၆၀၂၃၁၇၅၆၊ ၀၉-၄၅၄၁၉၀၀၀၇)

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် အောက်ပါယာဉ်၊ စက်၊ ယန္တရားများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်-

| စဉ် | ယာဉ်၊ စက်၊ ယန္တရားအမျိုးအစား | ဝယ်ယူမည့် အရေအတွက် | လျှောက်လွှာ(၁)စုံ ဈေးနှုန်း(ကျပ်) |
|---|---|---|---|
| (က) | ၆ ဘီး Dump Truck | ၁၂ | ၁၀၀၀၀/- |
| (ခ) | Portable Auger Compactor | ၂ | ၁၀၀၀၀/- |
| (ဂ) | Sky High(360) Long Arm | ၂ | ၁၀၀၀၀/- |
| (ဃ) | ထွန်စက်(60HP)စက်လုံး၊ ရှေ့ဂေါ်၊ ဓားခုံးအပြည့်အစုံပါ | ၁ | ၅၀၀၀/- |
| (င) | လက်တွန်းထွန်စက် (18HP/22HP)စက်လုံး၊ ဓားခုံးအပြည့်အစုံပါ | ၁ | ၅၀၀၀/- |
| (စ) | Light Truck | ၁ | ၅၀၀၀/- |

၂။ **အိတ်ဖွင့်တင်ဒါလျှောက်လွှာများ- ရောင်းချခြင်း** (၆-၅-၂၀၂၄) မှ (၁၀-၅-၂၀၂၄) ထိ
၃။ **တင်ဒါအချက်အလက်များ ရှင်းလင်းခြင်း** - (၁၄-၅-၂၀၂၄) မှ (၁၆-၅-၂၀၂၄) ထိ
၄။ **တင်ဒါအာမခံကြေးပေးသွင်းခြင်းနှင့် တင်ဒါပုံစံများ လက်ခံခြင်းနှင့် တင်ဒါပုံစံများစာရင်းပိတ်ခြင်း** - (၁၆-၅-၂၀၂၄) မှ (၁၇-၅-၂၀၂၄) ထိ
၅။ **လျှောက်လွှာရောင်းချမည့်နေရာ** - ၆၂ လမ်း(၁၀၆ x ၁၀၇)ကြား၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ ချမ်းမြသာစည်မြို့နယ်
၆။ **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်ရက်/အချိန်** - ၂၄-၅-၂၀၂၄ ရက်၊ နံနက် ၁၀:၀၀ နာရီ
၇။ **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေရာ** - ၂၆ လမ်း၊ ၇၁ x ၇၂ လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ(၁)
၈။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများအားလုံးကို ပေးဆောင်ရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၂၄၀၈၀၁၅၇၊ ၀၂-၄၀၈၁၃၁၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ ညောင်ပင်ကြီးစုကွက်သစ်မှ မြေ ဧရိယာ ၀.၀၈၂ဧကရှိ ဦးထွန်းမြင့်သန်း ၅/ခဥတ(နိုင်)၀၂၃၅၇၃ (ဘ)ဦးအုံး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၁၅၁)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၈၉၉/၂၀၂၃(၂၁-၈-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဇော်ဖြိုး ၈/နမန(နိုင်)၀၉၇၅၉၇ (ဘ)ဦးဟိုစိန် (ခ)သန်းစိန်မှ ဒေါ်စံစံကျော် ၉/ကဆန(နိုင်)၁၀၁၀၃၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## တနင်္သာရီတိုင်းဒေသကြီး
## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အောက်ဖော်ပြပါ Lot လုပ်ငန်း(၄)ခုအား တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မြေဖို့ခြင်း(၉၃၆၅၄ ကုဗပေ)၊ (၃၇၂)ပေ ကျောက်ကြီးစီ မြေထိန်းနံရံနှင့် Box Culvert (၁)စင်း (၁၈' x ၅' x ၅') တည်ဆောက်ခြင်းလုပ်ငန်း (တနင်္သာရီတိုင်းဒေသကြီးရုံး၊ ထားဝယ်မြို့)
(ခ) အလုပ်ရုံနှင့် သင်တန်းခန်းမတည်ဆောက်ခြင်းလုပ်ငန်း RCC (၂)ထပ် (၆၀' x ၃၀' X ၂၄')(ရေ၊ မီး၊ မိလ္လာအပါ (တနင်္သာရီတိုင်းဒေသကြီးရုံး၊ ထားဝယ်မြို့)
(ဂ) မြိတ်ခရိုင်ရုံး မြေဖို့ခြင်း(၈၀' x ၆၀' x ၁၀')နှင့် မြေကာနံရံ (၈၀' x ၆၀' x ၁၀'၆'')နှင့် Box Culvert (၂)စင်း တည်ဆောက်ခြင်းလုပ်ငန်း (မြိတ်မြို့)
(ဃ) ကော့သောင်းခရိုင်ရုံး မြေထိန်းနံရံ (၂၅၁' X ၁၀'.၆'')နှင့် အုတ်သံပန်းခြံစည်းရိုး ကာရံခြင်း(၄၁၆' x ၅.၉") တည်ဆောက်ခြင်းလုပ်ငန်း(ကော့သောင်းမြို့)

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၆-၅-၂၀၂၄ရက်(တနင်္လာနေ့)
၃။ **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - ၃၀ - ၅ - ၂၀၂၄ ရက် (ကြာသပတေးနေ့)
၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
၅။ တင်ဒါဖွင့်ပွဲဖွင့်လှစ်မည့်နေ့ - ဖွင့်လှစ်မည့်နေ့အား ထပ်မံကြေညာပေးပါမည်။
၆။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၆-၅-၂၀၂၄ရက်(တနင်္လာနေ့)မှစတင်၍ ရုံးချိန်အတွင်း တနင်္သာရီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး(ထားဝယ်မြို့၊ မြိတ်ခရိုင်ရုံး၊ ကော့သောင်းခရိုင်ရုံးများတွင် ဝယ်ယူနိုင်ပြီး တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၅ ၉၂၀၂၂၆၁၉၊ ၀၅ ၉၂၀၂၂၁၇၂၊ ၀၅ ၉၂၀၂၄၀၃၆၊ ၀၅ ၉၂၀၄၂၀၂၉၊ ၀၉-၂၆၃၃၉၇၀၆၆ များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီး**
**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

မကွေးမြို့၊ အောင်မေတ္တာ(ဃ)ရပ်ကွက်၊ (၁)လမ်း၊ မြေကွက်အမှတ် (ဃ/၁၇၁)၊ ဧရိယာ (၀.၀၆၀) (၄၀ပေx ၆၅ပေ)ရှိ ဒေါ်စုစုသိန်းအမည်ပေါက် နှစ်(၃၀)ဂရန်(၂၅/၂၀၁၁)မြေကွက်အား ကျွန်တော် ဦးမောင်မောင်သိန်း(၈/မကန(နိုင်) ၁၁၅၄၅၃)မှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်သိန်း ဖုန်း(၀၉-၇၉၄၃၄၆၅၁၉ )**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၇၇/ခ)ဟု ခေါ် တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၁၇၇/ခ)၊ အလျားပေ(၂၀)ပေxအနံပေ(၆၀)၊ ဧရိယာ(၀.၀၂၇)ဧကရှိ ဦးကောင်းဆက်အောင် (၁၄/ဇရက(နိုင်)၀၀၃၀၃၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် အဆောက်အအုံအပါအဝင် ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးကောင်းဆက်အောင် (၁၄/ဇရက(နိုင်)၀၀၃၀၃၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဝေယံကိုကို (၉/ပဗသ(နိုင်)၀၀၂၁၉၈)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)

ဒေါ်ခင်စောသိန်း (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)

တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထဲရေးဝန်ကြီးဌာန
## ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျပ်သန်း(၂၀၀) အထက်လုပ်ငန်း(၁)ခုအား စိတ်ပါဝင်စားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်/ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါ(Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| Lot | လုပ်ငန်းအမည် | တည်နေရာ |
|---|---|---|
| ၁ | တီးတိန်ခရိုင်စုပေါင်းရုံးတည်ဆောက်ခြင်းလုပ်ငန်း (၁၃၆'x၈၇'x၄၆')ပေRCC(၃)ထပ်၊ ရေ၊ မီး၊ ဆေး၊ မြေကြီးဖြတ်ခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်း (၄၀၀'x၃'x၁၀')ပေ၊ အပါအဝင် | တီးတိန်မြို့ |

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်** - ၄-၅-၂၀၂၄ ရက်၊ နံနက် (၉:၀၀)နာရီ

၃။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၇-၅-၂၀၂၄ ရက်၊ မွန်းလွဲ(၁၄:၀၀)နာရီ

၄။ **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၅။ **အိတ်ဖွင့်တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - ၂၇-၅-၂၀၂၄ ရက်၊ နံနက်(၁၀:၀၀)နာရီ

၆။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် (၀၉၄၄၉၉၉၀၄၄၀)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဟားခါးမြို့**

## လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး
## ဒုတိယအကြိမ် ကတ္တရာတင်ဒါ ပြန်လည်ခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/အထူးအဖွဲ့များနှင့် ကြီးကြပ်ရေးအဖွဲ့တို့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေများဖြင့် လမ်းလုပ်ငန်း များ ဆောင်ရွက်ရန်လိုအပ်သည့် (၆၀/၇၀)နှင့် (၈၀/၁၀၀) အမျိုးအစား ကတ္တရာများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** - ၃-၅-၂၀၂၄ ရက် (ရုံးချိန်အတွင်း)

**တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန်** - ၁၆-၅-၂၀၂၄ ရက် မွန်းတည့် ၁၂:၀၀နာရီ

**တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/အချိန်** - ၁၇-၅-၂၀၂၄ ရက် (ရုံးချိန်အတွင်း)

**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - ထပ်မံကြေညာပါမည်

**တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ၊ လမ်းဦးစီးဌာန၊ လမ်း ၃၀၊ ၇၀ x ၇၁ လမ်းကြား၊ မန္တလေးတိုင်းဒေသကြီး၊မန္တလေးမြို့။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၂-၄၀၃၉၁၈၄၊ ၀၂-၄၀၃၉၁၈၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅၇)လမ်း၊ (ယခင် ကြက်တန်းဟု ခေါ်သည်) အမှတ် (၂၃)၊ ပေ(၁၈ x ၄၀)အကျယ်အဝန်းရှိသည့် မီးရထားအိမ်ရာ၊ တတိယဆိုင်ခန်းတစ်ခန်း အပါအဝင် အကျိုးခံစားခွင့်အားလုံးကို လက်ရှိ တရားဝင်ပိုင်ဆိုင်ထားသူ (ပိုင်ရှင်)ဦးဇော်မင်းသိန်း ၁၂/ ပဇတ(နိုင်) ၀၃၅၄၇၁ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါဆိုင်ခန်းကို ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ် ချုပ်ဆို ဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးကျော်မြင့် | ဒေါ်ယဉ်ယဉ်ပြုံး (ဥပဒေဘွဲ့) |
| ၁၂/ပဇတ(နိုင်)၀၄၀၉၀၈ | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၅၃/၂၀၀၄) |
| | တိုက်-၄၊ အခန်း-၅၊ ပေါ်ဆန်းမွှေးလမ်း၊ ၂၉-ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| | ဖုန်း-၀၉-၅၀၁၃၆၉၉၊ ၀၉-၇၆၂၃၄၃၃၄၂ |

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဒေါင်းရွေးရပ်ကွက်၊ အကွက်အမှတ် (၅၆၈)၊ ဦးပိုင်အမှတ် ၃/၂(ခဲစင်း)၊ စည်ပင်ရွာတောင်ဘက်၊ ၆၂ လမ်းအရှေ့ဘက်၊ တမုတ်ဆိုးမြောင်းတောင်ဘက်ရှိ မြေကွက်အား၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၂၉ နှင့် ၃၀ တို့အရ လယ်ယာမြေအား အခြားနည်းအသုံးပြုရန် ခွင့်ပြုမိန့်ပုံစံ(၁၅-က) တို့နှင့်အတူ ဦးထွန်းအေး ၁၃/လရန(နိုင်)၀၁၇၆၇၂ က အမှုတွဲအမှတ် ၀၄၇၈/၂၀၂၄-၂၀၂၅ ဖြင့် ဂရန်သစ်/ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံများမှ ထုတ်လုပ်သည့်ဆေးဝါးများကို ဌာနကြီးများသို့ရောင်းချပြီး ပိုလျှံသည့်ဆေးဝါးများအား ရောင်းချနိုင်ရေး အရောင်းကိုယ်စားလှယ်များထားရှိရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူမည်ဖြစ်ပါသည် -

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၆-၅-၂၀၂၄ ရက်မှ ၂၁-၅-၂၀၂၄ ရက်အထိ (နံနက် ၉:၃၀ မှ ညနေ ၁၆:၀၀)နာရီထိ

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံးတင်ရမည့်ရက်/အချိန်** - ၂၁-၅-၂၀၂၄ ရက် မွန်းလွဲ(၁၆:၀၀)နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်** - ကြိုတင်ကြေညာပါမည်။

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးရုံးခန်း

(င) **ဆက်သွယ်ရမည့်ဖုန်းနံပါတ်** - ၀၆၇-၃၄၀၈၁၃၄၉၊၀၆၇-၃၄၀၈၃၇၇

၂။ တင်ဒါလျှောက်လွှာများကို မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)၊ ရောင်းချဖြန့်ဖြူးရေးဌာနတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မြန်မာ့ဆေးဝါးလုပ်ငန်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၂၁၄၈)၊ မြေဧရိယာ၀ ဒသမ ၁၄၆ ဧကရှိ ဦးကျော်မင်းထွန်း(ဘ) ဦးမောင်ကို ၁၂/ဥကတ(နိုင်)၁၄၃၂၁၁ အမည်ပေါက် ပါမစ်မြေကွက်အား ဦးကျော်မင်းထွန်းထံမှ အရောင်းအဝယ်ကတိ စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူထားသူ ဒေါ်မြတ်သီတာအေး(ဘ) ဦးတင်ရွှေ ၅/မရန(နိုင်)၀၀၀၃၃၁ မှ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်(မူရင်း)၊ ဝယ်သူတရားရုံးကျမ်းကျိန်လွှာ(မူရင်း)၊ အရောင်းအဝယ်ကတိစာချုပ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံ ချက်များ တင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ/မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပုံ/မြေရာဇဝင်ကို ဒေါ်မြတ်သီတာအေး(ဘ) ဦးတင်ရွှေ ၅/မရန(နိုင်)၀၀၀၃၃၁ အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊သင်္ဃန်းကျွန်းမြို့နယ်၊ငမိုးရိပ်ရပ်ကွက်၊အပိုင်း(၄)၊ငမိုးရိပ်(၅)လမ်း၊ အမှတ်(၅၀၂) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၃)ထပ်ခွဲတိုက်၏ (မှန်ခန်း) ၂-လွှာ(ခေါင်းရင်းခန်း)၊(တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊အကျယ်အဝန်းပေ(၁၂x၄၇)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို မြေပိုင်ရှင်အနေဖြင့် အကျိုးခံစားခွင့်ရရှိထားသူထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်သန်းသန်းဦး ၁၂/သဃက(နိုင်)၁၄၂၄၃၈ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ခင်သီတာစု ၇/ထတပ(နိုင်)၀၇၁၂၁၆ က အပြီးပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဉ်-၂၂၇၄၇)　ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဒေါင်းရွေးရပ်ကွက်၊ အကွက်အမှတ် (၅၆၈)၊ ဦးပိုင်အမှတ် ၃/၂(ခဲစင်း)၊ စည်ပင်ရွာတောင်ဘက်၊ ၆၂ လမ်း အရှေ့ဘက်၊ တမုတ်ဆိုးမြောင်းတောင်ဘက်ရှိ မြေကွက်အား အခြားနည်း အသုံးပြုရန် ခွင့်ပြုမိန့်ပုံစံ(၁၅-က)တို့နှင့်အတူ ဦးထွန်းအေး ၁၃/လရန (နိုင်)၀၁၇၆၇၂ က အမှုတွဲအမှတ် ၀၄၇၉/၂၀၂၄-၂၀၂၅ ဖြင့် ဂရန်သစ်/ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ဘဲကြီးစံပြကျေးရွာနေ၊ ဦးညွန့်သောင်း-(ဒေါ်သန်းမှီ) တို့၏သား မောင်စည်သူထက် ၈/ပခန(နိုင်) ၂၇၇၉၆၃ သည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘအား ကိုယ်စိတ်နှစ်ပါးဆင်းရဲစေပြီး ခွင့်မလွှတ်နိုင်သောကိစ္စရပ်များကို အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသောကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက် သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညွန့်သောင်း ၈/ပခန(နိုင်)၀၆၄၀၀၂**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်း အမျိုးအမည် |
|---|---|---|
| ၁ | ၁၇/မမ/ CE | Nylon Liner (Inner & Outer) (257778) Nos ဝယ်ယူရန် |
| ၂ | ၁၈/မမ/ CE | 75 lb Bolt & Nut with One Spring Washer and One Flat Washer (50000) Sets ဝယ်ယူရန် |
| ၃ | ၁၉/မမ/ CE | 75 lb Point & Crossing (1:12) (30) Sets နှင့် 75 lb Point & Crossing (1:8½) (30) Sets ဝယ်ယူရန် |
| ၄ | ၂၀/မမ/ CME | Rail Road Diesel Oil, RDO-40 (200 Liter/Drum)-1800 Drums ဝယ်ယူရန် |
| ၅ | ၂၁/မမ/ CMO | ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်း (1) Lot ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၁၇ . ၅ . ၂၀၂၄ ) နေ့လည် ( ၂:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၃ . ၅ . ၂၀၂၄) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်-

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်းမ ကြီး၊ အမှတ်(၁၁၄)ဟုခေါ်တွင်သော အခန်း(၆)၊ ဒုတိယထပ်၊ (၂-လွှာ)၊ အကျယ်အဝန်း (၁၅ပေx၅၇ပေ) ရှိသောလူနေတိုက်ခန်း၊ ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ရွှေရည်ဝင်း (ဘ) ဦးကျော်မြင့် (မိခင် ဒေါ်အေးအေးမွန်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ) ၁၂/လမန(နိုင်)၁၄၇၆၀၁ ထံသို့ ဒေါ်ခင်လေးနွယ် ၁၀/မလမ(နိုင်)၀၀၉၂၆၅ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းဝယ်ယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ သတင်းစာတွင်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက် ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်အတည်ပြု ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- | | |
|---|---|---|---|
| ဒေါ်ရွှေရည်ဝင်း | | | |
| (မိခင်ဒေါ်အေးအေးမွန်၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ) | ဦးအောင်မိုး (ကော့မှူး) (စဉ်-၈၂၃၇) | ဒေါ်သိမ့်သိမ့်ထွန်း (စဉ်-၁၂၆၇၆) | ဒေါ်ထက်ထက်အေးငြိမ်း (စဉ်-၅၀၀၈၇) |
| ၁၂/လမန(နိုင်)၁၄၇၆၀၁ | | တရားလွှတ်တော်ရှေ့နေများ | အထက်တန်းရှေ့နေ |

ရုံး-အမှတ် (၇၅)၊ မြေညီထပ်၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ သုခမှတ်တိုင်အနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၄၅၅၅၁၆၂၊ ၀၉-၇၇၇၄၁၄၀၁၃၊ ၀၉-၄၅၉၀၀၀၇၁၁၊ ၀၉-၇၉၉၅၇၅၂၉၁

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၃၉)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၃)ထပ်တိုက်၏ ၃-လွှာ(အပေါ်ဆုံးထပ်)၊ (တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း(၁၅ ပေ x ၆၀ ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးညဏ်မင်းအောင် ၁၂/မရက(နိုင်)၁၂၅၀၄၇ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ရွှေနှင်းရီ ၁၁/ကဖန(နိုင်)၀၈၁၇၉၉ က အပြီးပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)　ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉

## အမည်ပြောင်း

ဇလသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၈)၊ နေပြည်တော်တွင် Grade-5 ဖြေဆိုထားသော (ဘ) ဦးသူရိန်နိုင် ၁၂/အလန(နိုင်)၀၃၅၉၄၇ ၏သမီး မချမ်းမြေ့သူအား ယနေ့မှစ၍ မခင်ချမ်းမြေ့ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မခင်ချမ်းမြေ့**

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၄-၂၀၂၄ရက် မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ(၃၁)ပါ ရှေ့နေ ဒေါ်သူဇာယဉ်၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ကိုသီဟအောင် ၁၂/အစန(နိုင်)၀၇၉၈၃၈ ဟု ဖော်ပြထားရာ ကိုသီဟအောင် ၁၂/အစန(နိုင်)၁၇၉၈၃၈ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် (ညည-၇)၊ ဦးပိုင်အမှတ် (၇၂)၊ ၆၁ x ၆၀ A လမ်းကြား၊ မင်းရဲကျော်စွာ x ဗထူးလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူဇနီး ဒေါ်ရန်ချွန်းမေ ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၇၅၆/၂၀၂၃)ဖြင့် အမွေ ဆက်ခံခဲ့သည့် ခင်ပွန်း ဦးလီဆွင်ကျောင်း(ခ) လီဆွေကြုံး ၁၃/ကခန (ဧည့်)၀၀၀၃၀၈ က သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် တောဂရန် ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံ တောဂရန်နှင့်စိစစ်၍ ဂရန်မိတ္တူ ထုတ်ပေးခြင်းဖြစ်သည်။ တောဂရန် မူရင်း ပြန်လည်တွေ့ရှိပါက ယခု ထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည် ဟူသော မင်နီမှတ်ချက် ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံး ဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက(၂)၊ Grade-9မှ မမေမြတ်သူ၏ ဖခင်အမည်သည် ကျောင်းဝင် မှတ်ပုံတင်စာရင်းအရ ဦးမိုးဇော်အောင် ဟု မှားယွင်းနေပြီး ဖခင်အမည်မှန်မှာ ဦးမိုးအောင်ဇော် ၃/ကကရ(နိုင်)၀၆၁၁၃၉ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၂၇၃၇၆ ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းမြင့် ၁၀/မလမ(နိုင်)၂၇၀၆၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ ဦးစန်းအောင်၏သား ဦးရာဇာအောင် ၁၂/ဥကတ(နိုင်)၁၅၀၉၉၂၏ နိုင်ငံကူးလက်မှတ်နံပါတ် (A-287669) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၅၉၁၂၇**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊သင်္ဃန်းကျွန်းမြို့နယ်၊ အမက(၂၁)ကျောင်း၊ Grade-2 ကျောင်းသား မောင်ဖွဲ့ယံအောင်အောင်အား မောင်ဖွဲ့ဝဏ္ဏာဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဖွဲ့ဝဏ္ဏာ**

## ဖခင်အမည်မှန်

မအူပင်မြို့နယ်၊ ထနီးကျေးရွာအုပ်စု၊ အထက(ထနီး) Grade-12 မှ မောင်ရဲဝင့်ထက်မြတ် ၏ ဖခင်အမည် မှန်မှာ ဦးစိုးနိုင် ၁၄/မအပ(နိုင်)၁၁၉၄၇၀ ဖြစ်ပါကြောင်း။

**ဦးစိုးနိုင်**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်း အမျိုးအမည် |
|---|---|---|
| ၁ | ၂၂/မမ/ CE | တိုင်း(၇)ရန်ကုန် မလွှကုန်းဘူတာယာဒ်ဝင်းအတွင်း အခန်း(၂၀)ပါ ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၅)ထပ် (၁၃၀၂၅.၆၂၅ စ/ပေ) တိုက်အမှတ် (၁) တည်ဆောက်ခြင်း (RC Pile Foundation၊ ရေ၊မီး၊မိလ္လာအပါအဝင်) |
| ၂ | ၂၃/မမ/ CE | မလွှကုန်းဘူတာယာဒ်ဝင်းအတွင်း အခန်း(၂၀)ပါ ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၅)ထပ် (၁၃၀၂၅.၆၂၅ စ/ပေ) တိုက်အမှတ် (၂) တည်ဆောက်ခြင်း (RC Pile Foundation၊ ရေ၊မီး၊မိလ္လာအပါအဝင်) |
| ၃ | ၂၄/မမ/ CE | မလွှကုန်းဘူတာယာဒ်ဝင်းအတွင်း အခန်း(၂၀)ပါ ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၅)ထပ် (၁၃၀၂၅.၆၂၅ စ/ပေ) တိုက်အမှတ် (၃) တည်ဆောက်ခြင်း (RC Pile Foundation၊ ရေ၊မီး၊မိလ္လာအပါအဝင်) |
| ၄ | ၂၅/မမ/ CME | နယ်စက်ခေါင်းရုံနှင့် နယ်တွဲပြင်ရုံများအတွက် အသုံးပြုရန်လိုအပ်သော စက်ပစ္စည်း (၉၆)မျိုးဝယ်ယူရန် |
| ၅ | 12(T)1/MR/ CME(NPT) | စက်ပစ္စည်း (၄၀)မျိုး ဝယ်ယူရန် |
| ၆ | 12(T)2/MR/ CME(NPT) | စက်ခေါင်းအရန်ပစ္စည်းများ၊ Caterpillar CAT 3516 B Engine ပစ္စည်းများနှင့် အထွေထွေပစ္စည်းများ(၂၉၅)မျိုး ဝယ်ယူရန် |
| ၇ | 12(T)3/MR/ (ML/ISN) | Rolled Steel Tyre for D.E.L (Rough Tyre) (120) Nos and Wheel Monobloc Rolled Steel (Rough) (120) Nos |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၃ . ၆ . ၂၀၂၄ ) နေ့လည် ( ၂:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၃ . ၅ . ၂၀၂၄) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်-

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994



## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမက(၉)၊ ယိုးဒယားကုန်းကျောင်းတွင် ပညာသင်ယူနေသော Grade-3 (C)မှ မသီရိရှင်းသန့်နှင့် Grade-2(B)မှ မောင်ဟိန်းလင်းဇော် တို့၏ ဖခင်အမည်မှန်မှာ ဦးနန်းထိုက် ၁၄/ပသန(နိုင်)၁၆၉၆၀၈ ဖြစ်ပါကြောင်း။

**ဦးနန်းထိုက်**
**၁၄/ပသန(နိုင်)၁၆၉၆၀၈**



## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြဝတီမြို့၊ မဲထော်သလေးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၃-ဒီ၊ မဲထော် သလေး)၊ ဦးပိုင်အမှတ်(၁၂၇)၊ ဧရိယာ ၀ ဒသမ ၃၀ ဧကရှိ မြေကွက်သည် ဦးအောင်ဇော်လင်း အမည်ဖြင့် သီးနှံသိုလှောင်ရုံဆောက်လုပ် အသုံးပြုရန်အတွက် လယ-၃၀(ခ) ခွင့်ပြုမိန့်ရရှိထားခဲ့ပါသည်။ ယခုအခါ ဦးအောင်ဇော်လင်းမှ စက်မှုစီးပွား မြေငှားဂရန် လျှောက်ထားမှုအပေါ် ကန့်ကွက် တင်ပြလိုသူ မည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၉၉၆၅၆ ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေအောင် ၁၀/ပမန(နိုင်)၂၃၇၂၆၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**



## ကန့်ကွက်နိုင်ပါသည်

